သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စာပေပညာရှင်များအားဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် မေ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက် လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(ယာပုံနှင့် အောက်ပုံ) (မြန်မာ့အလင်း)

အမျိုးသားညီလာခံသို့တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် မေ ၁၃

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များသည် ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်၊ မော်တော်ယာဉ်ခရီးစဉ်၊ မြန်မာ့မီးရထားခရီးစဉ်တို့ဖြင့် ရောက်ရှိလာကြသည်။

ပို့ဆောင်နေရာချထား

အမျိုးသားညီလာခံသို့ တက်ရောက်ရန်ရောက်ရှိလာကြသော ကိုယ်စားလှယ်များမှာ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှဖြစ်ကြရာ စာမျက်နှာ ၈ ကော်လံ ၃ ■

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မကွေးတိုင်း ဆောမြို့နယ်ရှိ ကြိုးချောင်းတံတား ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖွင့်လှစ် ရေရှည်အသုံးပြုနိုင်ရေးဝိုင်းဝန်းထိန်းသိမ်းရန်မှာကြား

ရန်ကုန် မေ ၁၃

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-ဆော-စေတုတ္တရာ-ငဖဲ ဆက်သွယ်ပေးသော လမ်းပေါ်ရှိ ကြိုးချောင်းတံတားဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ကြိုးချောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ကြိုးချောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၁၄ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထုနှင့်ရေထုတို့သည် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ သို့သော် လိုအပ်သည်ထက် ပိုမိုရရှိလာလျှင် သက်ရှိများအတွက် အန္တရာယ်ဖြစ်ပေါ်စေသည်။

သက်ရှိသတ္တဝါအားလုံး လေကိုရှူရှိုက်၍ အသက်ရှင် ရပ်တည်နေကြရသည်။

သို့သော် လေပြင်းမုန်တိုင်းများ ပြင်းထန်စွာတိုက်ခတ်လာသည့်အခါတွင် လူသားများအတွက် ဘေးအန္တရာယ်နှင့် တွေ့ကြုံကြရသည်။ သစ်ပင်ကြီးများ ပြိုလဲခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သည်။

အလားတူ သက်ရှိများအတွက် အဓိကဖြစ်သည့် သောက်သုံးရေ ရှားပါးပြတ်လပ်သည့်အခါမျိုးတွင် လူသားများ၊ သတ္တဝါများ ရောဂါဘယဖြစ်ပွားခြင်း၊ သေဆုံးခြင်း ဖြစ်ပေါ်လေ့ရှိသည်။

ကမ္ဘာပေါ်ရှိ အချို့ဒေသများတွင် မိုးခေါင်ရေရှားဖြစ်ပေါ်မှုကြောင့် သစ်တောသစ်ပင်များ သေကျေ ပျက်စီးခြင်း၊ တောမီးလောင်ခြင်း၊ စိုက်ပျိုးသီးနှံများအတွက် ရေမရ၍ သီးနှံများမဖြစ်ထွန်းခြင်းများ နှစ်စဉ်ကြုံတွေ့နေရသည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပါကလည်း မြေပြိုခြင်း၊ မြစ်၊ ချောင်းများရေကြီးခြင်း၊ မြို့ရွာပတ်ဝန်းကျင်၌ ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်ကာ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံရတတ်သည်။

ထူးကဲဒီရေတက်သည့်အခါ ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများ သတိပြုနေထိုင်ကြရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်များပြိုလဲခြင်း၊ လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းများဖြစ်ပေါ်ပြီး ဓာတ်လိုက်ခြင်းအန္တရာယ်များ ကြုံတွေ့ရတတ်သည်။ ထိုအန္တရာယ်ကို သတိပြု ကာကွယ်ရှောင်ရှားကြရမည် ဖြစ်သည်။

ယခုအခါ မိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းများကြောင့် မြစ်၊ ချောင်းများ ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုကြရမည် ဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ ချောင်း၊ ကမ်းနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများသည် ဒီရေတက်မှုအခြေအနေ၊ မြစ်ရေကြီးမှုသတိပေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတို့မှတစ်ဆင့်ကြည့်ရှု၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှုအစီအစဉ်များ ပြုလုပ်စီမံထားသင့်ပေသည်။

မိမိတို့ဒေသအလိုက် သဘာဝရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် မြစ်ရေတားတာပေါင်ရိုး များအား မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက အသင့်အသုံးပြုနိုင်ရန် သဲအိတ်၊ ကျောက်အိတ်များ စုဆောင်ထားရှိခြင်း၊ မြို့ရွာ ရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းလုပ်ငန်းများကို မဖြစ်မနေ စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

မိုးရာသီကာလတွင် ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးဌာနများ၊ ပင်လယ်ပြင် ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော သတိပေးနိုးဆော်ချက်များကို အချိန်အခါမလပ် အလေးဂရုပြုမှတ်သားကာ သယ်ယူပို့ဆောင် ခုတ်မောင်း၊ ပျံသန်းလုပ်ဆောင်ကြရန် လိုအပ်သည်။

သက်ဆိုင်ရာ မြို့ရွာအသီးသီးရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း မိုးရာသီကာလအတွင်း မြို့၊ ရွာများ ရေကြီးရေလွှမ်းမှုအန္တရာယ်မှ ကာကွယ်တားဆီးရေးအစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပို့ဆောင်ရေးဆိုင်ရာဌာနများနှင့် ပြည်သူတစ်ရပ်လုံးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Correlation (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀ ၁၀။ ပညာခေတ်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၄၂) ဇာတ်သိမ်းပိုင်း
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဘိုခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၁၃

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၈ ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စက်ရေတွင်းတူးဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရှိမ်းမကားကျေးရွာသို့ ရောက်ရှိပြီး ရှိမ်းမကားကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးကာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ရှိမ်းမကားကျေးရွာ ဓမ္မာရုံတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစက ဘဒ္ဒန္တကုသလအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးသည် ရှိမ်းမကားကျေးရွာ ရွှေဂူကြီးဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း(ဒုတိယအကြိမ်) ဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် တောင်အုန်းနဲ့ဘုတ်ကျေးရွာသို့ ရောက်ရှိပြီး ဝန်ကြီးနှင့်မိသားစု လှူဒါန်းသည့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုအားပေး၍ ကျေးရွာလူထုအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် ဝက်လက်မြို့သို့ ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက်ရှိ နဘဲပင်လှရွာ၊ မင်းကုန်းလေးရွာ၊ ရှန်းပင်ကုန်းရွာ၊ ဆားတောင်နီရွာ၊ အင်းဘဲကြီးရွာ၊ အင်ကြင်းပင်ရွာ၊ ဝက်လည်ရွဲရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကာ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မေ ၉ ရက်တွင် ကန့်ဘလူမြို့နယ် ထန်းကုန်းရွာသို့ ရောက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း (ဒုတိယအကြိမ်)ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ **(အပေါ်ပုံ)** ဝန်ကြီးက အားကစားပစ္စည်းများနှင့် သင်တန်းအတွက် ဗလာစာအုပ်များကိုလည်းကောင်း၊ MFF ကုမ္ပဏီမှ ဦးစိုးမြင့်က ထန်းကုန်းရွာ အထက်တန်းကျောင်းခွဲအတွက် ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ၅၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည့် ထန်းကုန်းရွာ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျွမ်းကျင်ပညာရှင် ဦးထွန်းမြတ်က စက်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စက်များ တာရှည်ခံအောင် တည်ဆောက်ရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးသည် မြေထူးအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း (ဒုတိယအကြိမ်)ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြား၍ ဝန်ကြီးက အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ MFF ကုမ္ပဏီမှ ဦးစိုးမြင့်က ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကာ ဝန်ကြီးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် ကျွန်းလှမြို့သို့ရောက်ရှိ၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်းဖွင့်ပွဲများသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဝန်ကြီးက အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျွန်းလှမြို့နယ် အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရန် စီမံဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ကန့်ဘလူမြို့သို့ ရောက်ရှိ၍ အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ သွေးလည်ပတ်မှုကောင်းစေသည့် B.C.D စက်အလုံး ၃၀ကို Fame Hotel & Trade Co., Ltd. နှင့် ငွေစင်ဦး ကျန်းမာရေးမိသားစုမှ ဦးခင်မောင်ကျော်၊ ဒေါ်နီ(ခ)ဒေါ်ကြူကြူလွင်တို့က ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သွေးလည်ပတ်မှုကောင်းစေသည့် B.C.D စက်အလုံး ၃၀ လှူဒါန်း

ရန်ကုန် မေ ၁၃

Fame Hotel& Trade Co., Ltd.နှင့် ငွေစင်ဦး ကျန်းမာရေးမိသားစုမှ စတုတ္ထအကြိမ်အဖြစ် ငွေကျပ် ၅၂သိန်း ၈သောင်းတန်ဖိုးရှိ သွေးလည်ပတ်မှု ကောင်းစေသည့် M.H Shalu အမှတ်တံဆိပ် Blood Circulation Device (B.C.D) စက်အလုံး ၃၀နှင့် ပစ္စည်းစုံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရိပ်သာ၌ ကျင်းပရာ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ သွေးလည်ပတ်မှုကောင်းစေသည့် B.C.D စက်အလုံး ၃၀ကို Fame Hotel& Trade Co., Ltd. နှင့် ငွေစင်ဦးကျန်းမာရေးမိသားစုမှ ဦးခင်မောင်ကျော်၊ ဒေါ်နီ(ခ)ဒေါ်ကြူကြူလွင်တို့က ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက B.C.D စက်ရှစ်လုံးကို ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးရုံများအတွက်လည်းကောင်း၊ B.C.D စက် ၂၂လုံး ကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများအတွက်လည်းကောင်း လွှဲပြောင်းပေးအပ်ပြီး ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း B.C.D စက် ၂၂လုံးကို ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများအတွက် လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ယူနန်ပြည်နယ်မှသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်မြန်မာ့အလင်းသတင်းစာတိုက်လေ့လာ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တွင် လေ့လာရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့် ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ သတင်းစာ ဆရာကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရသတင်းနှင့် ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen နှင့် ကိုယ်စားလှယ်များအား အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြန်အလှန် မိတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး အဖွဲ့ခေါင်းဆောင် Mr. Zhang Dewen က ဧည့်သည်မှတ်တမ်းတွင် အမှတ်တရ လက်မှတ်ရေးထိုးသည်။

ယင်းနောက် သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူတို့က မြန်မာ့အသံ စတူဒီယို D တွင် မြန်မာ့ရိုးရာဆိုင်းဝိုင်း၊ စောင်း၊ ပတ္တလားဖြင့် တီးခတ်သီဆိုဖြေဖျော်နေမှုနှင့် ရုပ်မြင်သံကြား စတူဒီယို(၁) တွင် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲ ၂နာရီတွင် မြန်မာ့အသံမှ ပြန်လည်ထွက်ခွာသွားကြသည်။

မြန်မာ့အလင်းလေ့လာ

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့် ပြန်ကြားရေးဌာနမှ Mr. Zhang Dewen ခေါင်းဆောင်သော သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ်ဦးရဲမြင့်ဖေ၊စာတည်းမှူး ဦးလှိုင်ဝင်း၊ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

နှုတ်ခွန်းဆက်

ယင်းနောက် သတင်းစာဆရာ ကိုယ်စားလှယ်များအား မြန်မာ့အလင်း သတင်းစာတိုက် ဧည့်ခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းအောက်ရှိ မြန်မာ့အလင်း သတင်းစာ၏ သမိုင်းအကျဉ်းနှင့် လက်ရှိ ထုတ်ဝေနေသည့် စောင်ရေ၊ မှုဝါဒဆိုင်ရာများ၊ သတင်းစာ ထုတ်လုပ်မှုလုပ်ငန်း၊ သတင်းစာ ဖြန့်ဝေမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစာဆရာ ကိုယ်စားလှယ်များသည် မြန်မာ့အလင်းသတင်းစာတိုက်ရှိ Internet မှ သတင်းများ ဖမ်းယူဆောင်ရွက်နေမှုများ၊ ကွန်ပျူတာဌာနမှ စာဖောင်များပြင်ခြင်း၊ သွင်းခြင်း၊ e-Mail မှတစ်ဆင့် သတင်းစာမျက်နှာများကို ကိုယ်ပွားသတင်းစာတိုက်များသို့ တင်ပို့မှုလုပ်ငန်းများ၊ သတင်းစာရိုက်နှိပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သော သတင်းစာဆရာ ကိုယ်စားလှယ်များ မြန်မာ့အလင်း သတင်းစာတိုက် ပုံနှိပ်စက်ခန်းတွင် ကြည့်ရှုလေ့လာစဉ်။ (မြန်မာ့အလင်း)

ပြည်သူ့လက်စွဲ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၁၃

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ပြည်သူ့လက်စွဲစာအုပ်များဖြစ်သည့် ၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ကဗျာ ပေါင်းချုပ်ဆုရ ကဗျာပုဒ်ရေ ၆၁ ပုဒ်ဖြင့် စုစည်းတင်ပြထားသော သူရိန်ကျော်(ကျောက်နဂါး)၏ ပန်းတံတားနှင့် အခြားကဗျာများ၊ ၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်ဆုရ ကဗျာပုဒ်ရေ ၅၄ ပုဒ် ပါရှိသည့် မောင်စိုးမြတ်(ချောင်းဦး)၏ ရွှေပင်၊ ငွေပင်၊ မြရွက်စိမ်းလွှာပွင့်နီလာ ကဗျာများ စာအုပ်နှစ်မျိုးကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန် စာအုပ် ကိုယ်စားလှယ်များထံ၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဉ္စမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ အခြေခံပညာဦးစီးဌာနများ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့နှင့် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့မှ ဝန်ထမ်းများ၊ ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်)သို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆရာကြီးဦးဘိုးထို အမှူးပြုသည့် အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီးဆရာမကြီး ၄၀ တို့က အပူဇော်ခံကြသည်။

အခမ်းအနားတွင် အခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက တင်ပြပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့်ဥက္ကဋ္ဌများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အီရတ်မှ အီတလီတပ်များ ရုပ်သိမ်းပေးရန် အတိုက်အခံများက အီတလီဝန်ကြီးချုပ်ကို ဖိအားပေး

ရောမ မေ ၁၂

အမေရိကန်နှင့် ဗြိတိသျှအစိုးရတို့ကို တုန်လှုပ်ချောက်ချားစေခဲ့သော အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုပေါ်ပေါက်ခဲ့ပြီးနောက် အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များရုပ်သိမ်းရန် ဝန်ကြီးချုပ် ဆဲလ်ဗီယိုဘာလူစ်ကိုနီအား အတိုက်အခံခေါင်းဆောင်များက အင်္ဂါနေ့တွင် ဖိအားပေးခဲ့ကြသည်။

ဘာလူစ်ကိုနီသည် လာမည့်သီတင်းပတ်တွင် ဝါရှင်တန်မြို့၌ ၄င်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် တွေ့ဆုံမည်ဖြစ်သည်။ ၄င်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် နုတ်ထွက်ရေး တောင်းဆိုရန်အတွက် သွားရောက်လည်ပတ်မှုကို အသုံးချမည်ဖြစ်ကြောင်း ဗဟိုလက်ဝဲအတိုက်အခံများက ပြောသည်။

ပြောကြား

အီတလီဝန်ကြီးချုပ်အနေဖြင့် ရမ်းစဖဲလ်ကို ရာထူးမှထုတ်ပစ်ရန် ဘုရှ်အား မပြောဆိုနိုင်လျှင် မိမိတို့၏ အီတလီတပ်များကို အီရတ်၌ တစ်ပတ်ထက်ပို၍နေမည်မဟုတ်ကြောင်း ဘာလူစ်ကိုနီ၏ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေဖြစ်သည့် ဖရန်ဆက်ကိုရပ်တဲလ်လီက ပြောကြားသည်။

လိုအပ်

မိမိတို့နိုင်ငံသည် နိုင်ငံတကာယုံကြည်မှုရရှိရေးနှင့် ရမ်းစဖဲလ်အား အလုပ်ပြုတ်သွားသည်အထိ တရားဝင်တိုက်တွန်းပြောဆိုမှုများကို သိက္ခာရှိစွာ ပြုလုပ်ရန်လိုအပ်ကြောင်း ဗဟိုလက်ဝဲခေါင်းဆောင်က လာရီပတ်လီကာ သတင်းစာတွင် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်နေအိမ်များကို ကန်တို့အကြမ်းဖက်ဝင်ရောက် အမျိုးသားများအား အကြောင်းပြချက်မရှိဘဲ ဖမ်းဆီး

ဝါရှင်တန် မေ ၁၂

အီရတ်အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများသည် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ အစီရင်ခံစာကို ဝေါလ်စထရိဂျာနယ်၌ ယမန်နေ့က ရေးသားဖော်ပြခဲ့သည်။

အဆိုပါ အစီရင်ခံစာသည် ပြီးခဲ့သောနှစ်က အီရတ်အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံထားရသော အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ပြီး အစီရင်ခံစာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီရင်ခံစာကို ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်းက အမေရိကန်အာဏာပိုင်များထံသို့ ပေးအပ်ခဲ့သည်။ အီရတ်အကျဉ်းသားများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်သွားရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်နေအိမ်များကို အကြမ်းဖက်ဝင်ရောက်ပြီး အမျိုးသားများကို အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးသွားကြောင်း၊ စစ်ဆေးမေးမြန်းစဉ်၌လည်း နှိပ်စက်မှုများပြုလုပ်ခဲ့ကြောင်း၊ ဖမ်းဆီးထားသူများအနက် ၉၀ ရာခိုင်နှုန်းသည် မှားယွင်းဖမ်းဆီးခံရသူများဖြစ်ကြောင်း သိရသည်။

(အင်န်အိပ်ချ်ကေ)

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ် ရာထူးမှနုတ်ထွက်ပေးရန် ကန်အမတ်များ တောင်းဆို

အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်အချို့က နှိပ်စက်ညှဉ်းပန်းမှုအပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် မေ ၁၂ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့တွင် ဆန္ဒပြနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် မေ ၁၀

အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ် ရာထူးမှနုတ်ထွက်ပေးရန် ဥပဒေပြုလွှတ်တော်အမတ်များက ဆက်လက်တောင်းဆိုလျက်ရှိသည်။ အီရတ်အကျဉ်းသားများကို အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်ပြုမူသည့် ဓာတ်ပုံများစွာနှင့် ဗီဒီယိုထုတ်လွှင့်ပြသရန် ကျန်ရှိနေသေးကြောင်း၊ ဓာတ်ပုံအချို့ကို လူထုသို့ ပြသခဲ့ကြောင်း သိရသည်။

ယခုအခါ အသစ်ရရှိထားသော မဖွယ်မရာဓာတ်ပုံများတွင် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၄င်းတို့၏ သက်စောင့်ခွေးများက ဝိုင်းရံထားပုံကို နယူးယော့ကာမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သည်။ ယင်းရုပ်ပုံများသည် သက်သေသာဓကများပင်ဖြစ်ကြောင်း၊ ဆက်လက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ် အရာရှိတစ်ဦးက ပြောကြားသည်။

လွှတ်လပ်ခွင့်ပေး

အမေရိကန် ရီပတ်ဘလစ်ကင်လွှတ်တော်အမတ်၏ ပြောကြားချက်အရ အီရတ်အကျဉ်းသား အစီရင်ခံစာအပြီးသတ်ရန် သီတင်းနှစ်ပတ်မှ သုံးပတ်အထိ အချိန်ယူရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူ ခုနစ်ဦးထဲမှ တစ်ဦးကို လာမည့် ၁၉ ရက်တွင် စစ်ခုံရုံးတင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ခုံရုံးတင်စစ်ဆေးခြင်းကို ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့်အပေါင်းပါရုံးချုပ်တွင် ကြားနာစစ်ဆေးသွားမည်ဖြစ်ပြီး မီဒီယာများကိုလည်း လွှတ်လပ်ခွင့်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်အကျဉ်းသားများကို ကန်နှင့်အပေါင်းပါတပ်များ ညှဉ်းပန်းနှိပ်စက်ခဲ့မှု ဆီးရီးယားတိုင်းမ်သတင်းစာက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချ

ဒမတ်စကတ် မေ ၁၁

အီရတ်အကျဉ်းသားများ၏ အရှက်တကွဲဖြစ်ရမှုနှင့် နှိပ်စက်ညှဉ်းပန်းခံရမှုတို့သည် အီရတ်အကျဉ်းသားများအပေါ် အမေရိကန်နှင့် ပူးပေါင်းတပ်ဖွဲ့များထားရှိသည့် ယေဘုယျသဘောထားကို ထင်ဟပ်စေသည်ဟု ဆီးရီးယားတိုင်းမ်က တနင်္လာနေ့၌ ရေးသားဖော်ပြလိုက်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ယင်းလုပ်ရပ်များသည် အီရတ်ပြည်သူများအပေါ် စနစ်တကျ ကျူးလွန်သော ရာဇဝတ်ပြစ်မှုများနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့်လုပ်ရပ်များဖြစ်ကြောင်း သတင်းစာက ဝေဖန်ရှုတ်ချလိုက်ပြီး လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးအတွက် တပ်ဖွဲ့ဖြစ်သည်ဆိုခြင်းထက် သိမ်းပိုက်တပ်ဖွဲ့နှင့် ရက်စက်ရိုင်းစိုင်းသည့် တပ်ဖွဲ့ဖြစ်ကြောင်းကို ၄င်းတို့ကိုယ်တိုင် သက်သေထူကြောင်း ပြောဆိုသည်။

ထို့ပြင် ဆီးရီးယားတိုင်းမ်သတင်းစာက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ပြောကြားခဲ့သော ယင်းလုပ်ရပ်များကို အမေရိကန်တပ်ဖွဲ့ဝင် အနည်းငယ်က ကျူးလွန်ခြင်းဖြစ်သည်ဆိုသော စကားအသုံးအနှုန်းကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့သည်။

ရှုတ်ချ

အမေရိကန်တပ်ဖွဲ့များ ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုများကို မသိကျိုးကျွံပြုနေကြသူများ ၄င်းတို့၏ ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ကြရန် သတင်းစာက တိုက်တွန်းရေးသားသည်။ အီရတ်နိုင်ငံ၌ အကျဉ်းထောင်မတရားညှဉ်းပန်းနှိပ်စက်မှုကို ကျယ်ကျယ် ပြန့်ပြန့် ပြစ်တင်ရှုတ်ချခဲ့ကြပြီး အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့သည် ထိုအမှုကိစ္စများအတွက် အသီးသီး ဝန်ချ တောင်းပန်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လုံခြုံရေးစောင့်ကြပ်

မေ ၁၂ ရက်က ဖော်လူဂျာမြို့ အနောက်မြောက်ဘက် ယူဖရေးတီးမြစ်ကမ်းနဖူးတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌လုံခြုံရေးအခြေအနေဆိုးရွားနေမှု အီရန်-အီရတ်ကုန်သွယ်ရေးကိုထိခိုက်

တီဟီရန် မေ ၁၁

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေဆိုးရွားမှု ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အီရန်-အီရတ် ကုန်သွယ်ရေးထိခိုက်မှုရှိခဲ့ကြောင်း အီရန်သတင်းဌာနဖြစ်သည့် အိုင်အာအင်န်အေက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ယင်းကဲ့သို့ အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွားနေမှုသည် စီးပွားရေးတိုးတက်မှုအတွက်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ခြင်းကြောင့် အီရန်နှင့်အီရတ် နှစ်နိုင်ငံစီးပွားရေးဆက်ဆံဆောင်ရွက်မှု အလားအလာကို မှေးမှိန်သွားစေကြောင်း အီရန်-အီရတ်ကုန်သည်ကြီးများအသင်း၏ ညွှန်ကြားရေးမှူးများအဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျလမ်ရီဇာအက်ဘာရီဇာဒက်က ပြောကြားသည်။

အီရန်ကုန်ပစ္စည်းများကို နယ်စပ်မြို့ဖြစ်သော ခိုရန်ရှာမှ ဆလမ်ချက်နယ်စပ်ကိုဖြတ်၍ အီရတ်နိုင်ငံသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ် မတ်လက ဆလမ်ချက်နယ်စပ်မှဖြတ်၍ အီရတ်သို့ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅ သန်းခန့်ရှိကြောင်း အိုင်အာအင်န်အေသတင်းက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်တို့အား အချုပ်အခြာအာဏာအပြည့်အဝပြန်ပေးရေး ပြင်သစ်သမ္မတ ဂျက်ရှီရက် ထပ်မံဖိအားပေးတောင်းဆို

ပါရီ မေ ၁၀

ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် အီရတ်တို့အား အချုပ်အခြာအာဏာပြန်ပေးရေး ပြင်သစ်နိုင်ငံ၏ တောင်းဆိုချက်များကို တနင်္ဂနွေနေ့က ထပ်မံဖိအားပေးလိုက်သည်။ ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ပါရီမြို့၌ တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ တိုက်တွန်းတောင်းဆိုလိုက်ခြင်းဖြစ်သည်။

အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်သည့်ကိစ္စကို အပြည့်အစုံရည်ညွှန်းခြင်းမရှိဘဲ အရှက်တကွဲဖြစ်ခဲ့ရသူများ၏ တုံ့ပြန်မှုခံရနိုင်ကြောင်း ရှီရက်က သတိပေးပြောကြားလိုက်သည်။

သို့ဖြစ်ရာ ဤသည်မှာ အီရတ်တို့အသိအမှတ်ပြုသော အီရတ်အာဏာပိုင် အဖွဲ့တစ်ဖွဲ့သို့ စစ်မှန်သော အချုပ်အခြာအာဏာကို အဘယ့်ကြောင့် အမြန်လွှဲပေးရသည်ဆိုသော အကြောင်းဖြစ်ကြောင်း ရှီရတ်က ပြောဆိုသည်။

ပြောကြား

သိမ်းပိုက်တပ်ဖွဲ့အဖြစ် အီရတ်တို့က မှတ်ယူခဲ့သော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များအပေါ် အီရတ်လူမျိုးအများစုက မကျေမချမ်းဖြစ်သည်မှာ ယနေ့ရှင်းသွားပြီဟု မိမိထင်ကြောင်း ဥရောပသမဂ္ဂ ဖြစ်ပေါ်လာသည့် အထိမ်းအမှတ်အခမ်းအနားဒ၌ ဗြိတိသျှနှင့် ပြင်သစ်ကျောင်းသားများကို ရှီရက်က ပြောကြားသည်။

တိုက်တွန်း

သမ္မတရှီရတ်သည် ကြားဖြတ်အစိုးရသို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီး ယခုနှစ်ကုန်ပိုင်း သို့မဟုတ် ရှေ့နှစ်၌ အစိုးရအဖွဲ့သစ်ရွေးချယ်မှု လွယ်ကူအဆင်ပြေစေရန်အတွက် ဇွန် ၃၀ရက်မှ အုပ်ချုပ်ရေးလွှဲပြောင်းပေးမှု အစီအစဉ်များကို သဘောတူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုက်တွန်းထားသည်။ **အမ်အင်အေ၊ရိုက်တာ**

မေ ၁၂ ရက်က ကာဘာလာမြို့တောင်ဘက်တွင် အီရတ်ပြောက်ကျားတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် အသင့်နေရာယူနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သေနတ်သမားများက ရုရှားပညာရှင်တို့ကိုတိုက်ခိုက် ရုရှားပညာရှင်တစ်ဦးသေဆုံးပြီး နှစ်ဦးပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၁၂

ဘဂ္ဂဒက်မြို့အနီး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ၌ အလုပ်လုပ်နေသော ရုရှားကျွမ်းကျင်ပညာရှင်တစ်ဦးကို အမည်မသိ တိုက်ခိုက်ရေးသမားတစ်ဦးက သတ်ဖြတ်ခဲ့ပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်နှစ်ဦးအား ပြန်ပေးဆွဲသွားကြောင်း အက်ဇ်ဗာမန်သတင်းစာတွင် အင်္ဂါနေ့က ရေးသားဖော်ပြသည်။

မစ်ဆာရပ်ရှိ ဓာတ်အားပေးစက်ရုံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အလုပ်လုပ်နေသော ရုရှားကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ ဘဂ္ဂဒက်မြို့မှအပြန် တိုက်ခိုက်ခံရကြောင်း အီရတ်လျှပ်စစ်ဝန်ကြီးရုံး သတင်းရပ်ကွက်က ပြောသည်။

ဖမ်းဆီး

သေနတ်သမားများက ကျွမ်းကျင်ပညာရှင်တစ်ဦးကိုသတ်ပြီး နှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးသွားကြောင်း ၎င်းကပြောသည်။

ပြန်လွှတ်

ဧပြီလတွင် အီရတ်၌ ရုရှားပညာရှင်ရှစ်ဦး ပြန်ပေးဆွဲခံခဲ့ရသည်။ အီရတ်မှ၎င်း၏ အလုပ်သမားအားလုံးနီးပါး ရုပ်သိမ်းပေးရန် ရုရှားအစိုးရက ပြုလုပ်ခဲ့သဖြင့် ၎င်းဖမ်းဆီးထားသူများအား ပြန်လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အကျဉ်းသားများကိုနှိပ်စက်မှု ယုတ်မာရိုင်းစိုင်းခြင်းဖြစ်ဟု နယူးဇီလန် စစ်ဘက်အကြီးအကဲ ဝေဖန်ပြောကြား

ဝေလင်တန် မေ ၁၂

အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုရုပ်ပုံများသည် စည်းကမ်းချိုးဖောက်ခြင်းနှင့် ယုတ်မာရိုင်းစိုင်းသောလုပ်ရပ်ဖြစ်ကြောင်း၊ ထိုသို့ ရွံရှာဖွယ်ကောင်းသောလုပ်ရပ်များကြောင့် အီရတ်အကျဉ်းသားများကို အရှက်တကွဲဖြစ်ရသည့် နှိပ်စက်ညှဉ်းပန်းမှုဖြစ်စေခဲ့ကြောင်း နယူးဇီလန်နိုင်ငံ စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ဂျယ်ရီမာတီပါရေ့က ပြောကြားသည်။

ဖော်ပြ

မည်သူမဆို အဆိုပါအီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းသည့် ရုပ်ပုံများကိုတွေ့ရှိပါက ယင်းတို့သည် စစ်စည်းကမ်းကို သေချာစွာချိုးဖောက်ထားခြင်းဖြစ်ပြီး ရွံရှာဖွယ်လုပ်ရပ်များဖြစ်ကြောင်း မြင်တွေ့ရမည်ဟု ဗိုလ်ချုပ်မာတီပါရေ့က ပြောကြားကြောင်း ဒိုမီနီယမ်ပို့စ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

တွန့်ဆုတ်

အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုသည် အီရတ်ရှိ အပေါင်းပါတပ်ဖွဲ့ဝင်များအပေါ် မည်မျှအကျိုးသက်ရောက်မှုရှိခဲ့သည်နှင့် ပတ်သက်၍ အမေရိကန်သမ္မတဘုရှ်နှင့် အမေရိကန်ထိပ်တန်းစစ်ဘက်အရာရှိကြီးများက ဝေဖန်ပြောဆိုရန် တွန့်ဆုတ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကယ်ကွတ်(အီရတ်) မေ ၁၂

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့ဖြစ်သည့် ကယ်ကွတ်မြို့ရှိ လူစည်ကားရာဈေးတွင် အင်္ဂါနေ့က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူသုံးဦးသေဆုံးပြီး ၂၂ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲအဖွဲ့က ပြောသည်။ ယင်းတိုက်ခိုက်မှုသည် ဈေး၌ ဈေးဝယ်သူများဖြင့် စည်ကားနေစဉ် နံနက် ၉နာရီခွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီးအာမက်ဆလမ်မာက ပြောသည်။

ကြုံတွေ့

ကဒ်၊တူရကီနှင့် အာရပ်မျိုးနွယ်စု သုံးခုရှိသော ကယ်ကွတ်မြို့သည် မကြာသေးသော လများအတွင်း၌ ဆူပူမှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။ အဆိုပါမြို့တွင် ကဒ်နိုင်ငံရေးပါတီများ၏ ရုံးများနှင့် အရာရှိများ ရှိရာနေရာ ယင်းမြို့၏ ကဒ်ရဲအဖွဲ့သည် မကြာခဏ တိုက်ခိုက်မှု၏ ပစ်မှတ်ဖြစ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုနှင့် သမ္မတဘုရှ်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် မေ ၁၂ရက်က ချီလီနိုင်ငံ ဆင်တီယာဂိုမြို့တွင် ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ အကျပ်အတည်းများကြုံနေရကြောင်း တူရကီသမ္မတ နက်ဒက်ဆီ ပြောကြား

အမ်ကာဆာ မေ ၁၂

အီရတ်နိုင်ငံတွင် အရှိန်မြှင့်တက်လာသော ဆူပူမှုများကြောင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး အစီအစဉ်များကို အနှောင့်အယှက်ဖြစ်စေရုံသာမက ဗဟိုချုပ်ကိုင်အားကိုလည်း ချိနဲ့စေသော အကျပ်အတည်းနေ့ရက်များနှင့် အီရတ်နိုင်ငံကြုံနေရသည်ဟု တူရကီသမ္မတ နက်ဒက်ဆီဇာက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကြိမ် (၂၀)မြောက် အစ္စလမ္မစ်ညီလာခံအဖွဲ့သို့ ပေးပို့သောစာ၌ ၎င်း၏သဘောထားများကို ရေးသားဖော်ပြထားသည်။

အီရတ်နိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများက ပြောသော ၎င်းတို့၏ သဘောဆန္ဒများကို ကြားရမည်ဟု မျှော်လင့်ကြောင်း၊ အီရတ်ပြည်သူများသည် ၎င်းတို့အချင်းချင်း သဟဇာတဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့်သဟဇာတ ဖြစ်မည်ဟု မျှော်လင့်ကြောင်း ဆီဇာက ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်အကျဉ်းသားများနှိပ်စက်ညှဉ်းပမ်းခံရမှု ဗြိတိန်ကာကွယ်ရေးဝန်ကြီးအား စစ်ဆေးမေးမြန်း

လန်ဒန် မေ ၁၁

အီရတ်ရောက်ဗြိတိန်တပ်ဖွဲ့ဝင်အချို့၏ အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး ဗြိတိန်ပါလီမန်တွင် ယမန်နေ့က ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်း ဖြေကြားခဲ့ရသည်။

ဗြိတိန်ပါလီမန်အမတ်များက ကာကွယ်ရေးဝန်ကြီးအနေဖြင့် မည်သည့်အချိန်က စတင်သိရှိခဲ့သည်ဆိုသောအချက်ကိုလည်း မေးမြန်းခဲ့ကြသည်။ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကလည်း ဗြိတိန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်အားတောင်းပန်ခဲ့သည်။ ဗြိတိန်တပ်ဖွဲ့ဝင်များအား စွပ်စွဲမှု ၃၃ ခုရှိသည့်အနက် အနည်းဆုံးစွပ်စွဲချက် နှစ်ခုသည် အရေးကြီးသောစွဲချက်များဖြစ်ကြောင်း ဂျက်ဖ်ဟွန်းက ပြောကြားခဲ့သည်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့အနေဖြင့် ကြားဖြတ်အစီရင်ခံစာတစ်စောင်ထုတ်ပြန်ရန်လည်း ကြိုးဆိုကြောင်း ကြက်ခြေနီအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဂျက်ဖ်ဟွန်းက ပြောကြားခဲ့သည်။

ပေါ်ထွက်

ပါလီမန်အမတ် များ၏ မေးခွန်းကို ဖြေကြားရာတွင် ပြီးခဲ့သော စက်တင်ဘာလကပင် ဗြိတိန် တပ်ဖွဲ့ဝင်များအား အကျဉ်းသားများကို နှိပ်စက်မှုမရှိစေရန် တားမြစ်ထားပြီး ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သော်လည်း နိုင်ငံရေးအကျိုး သက်ရောက်မှုများ ပေါ်ထွက်လာနေပြီ ဖြစ်သည်။

အင်ဒီပင်းဒင့် သတင်းစာက ပြုလုပ်သည့်စာတမ်းအရ ဗြိတိန်လူထု၏ ၅၅ ရာခိုင်နှုန်းသည် ဇွန်လ ၃၀ ရက်နေ့တွင် အီရတ်မှ ဗြိတိန်တပ်ဖွဲ့များ ဆုတ်ခွာစေလိုကြောင်း ဆန္ဒသဘောထားဖော်ပြခဲ့ကြသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကဲ့သို့ ဗြိတိန်ကာကွယ်ရေးဝန်ကြီးအား ရာထူးမှ နုတ်ထွက်ရေး တောင်းဆိုမှုများ မရှိခဲ့သော်လည်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းအနေဖြင့် ခက်ခဲသောမေးခွန်းများကို ရင်ဆိုင်ခဲ့ရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မီဒီတပ်ဖွဲ့ဝင်များနှင့် ကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွား

ဘဂ္ဂဒက် မေ ၁၁

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးရှိ အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ ရုံးအဆောက်အအုံကို တနင်္လာနေ့အစောပိုင်း၌ အမေရိကန်စစ်လေယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အယ်လ်ဆာဒါ၏ တစ်ထပ်ရုံး အဆောက်အအုံသည် တနင်္လာနေ့နံနက် ၂နာရီ၌ အမေရိကန် စစ်လေယာဉ်က ကြဲချသည့် ဗုံးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည်။

တနင်္ဂနွေနေ့၌ တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ရာတွင် ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင် ၁၉ဦးသေဆုံးခဲ့ရပြီး တနင်္ဂနွေနေ့အစောပိုင်း၌ ဆာဒါစီးတီးရုံးကို အမေရိကန်တပ်ဖွဲ့များက ဝင်စီးပြီး လူနှစ်ဦးကို ဖမ်းဆီးသွားခဲ့ သည်။

အမ်အင်အေ၊ရိုက်တာ

မေ ၁၂ရက်က ကာဘာလာမြို့တွင် အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုကာဒါအယ်လ်ဆာဒါ၏ သစ္စာခံ အီရတ်ပြောက်ကျားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စတင်စီစဉ်လျက်ရှိ

ဘဂ္ဂဒက် မေ ၁၂

အီရတ်ရှိ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များသည် တပ်ရုပ်သိမ်းရန် စတင်ခဲ့ပြီး နှစ်ပတ်ကျော်ကျော်အတွင်း အီရတ်မှ ထွက်ခွာကြဖွယ်ရှိကြောင်း အပေါင်းပါတပ်ဖွဲ့မှ အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

အစီအစဉ်အတိုင်း ဆောင်ရွက်နေပြီး မေ ၂၇ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်များ တပ်ဖြန့်ထားသည့် အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ ပိုလန်ခေါင်းဆောင်နိုင်ငံတကာတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

စီစဉ်

ဟွန်ဒူးရပ်စ်သည် စပိန်က အီရတ်မှ ၎င်း၏ အမာခံတပ်ဖွဲ့ဝင် ၁၄၀၀ကို ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ပြီး နောက်ပိုင်းနှစ်လအတွင်း ဟွန်ဒူးရပ်စ် တပ်ဖွဲ့ဝင် ၃၇၀ကို ဧပြီ ၂၀ရက်၌ နေရပ်သို့ ပြန်ခေါ်ဆောင်ရန် စီစဉ်ခဲ့ကြောင်း ပြောသည်။

ကြီးကြပ်

စပိန်သည် စပိန်ဘာသာစကားပြောသည့် အယ်လ်ဆာလ်ဗာဒို၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနှင့် ဒိုမီနီကန်သမ္မတနိုင်ငံများမှ အခြားတပ်ဖွဲ့ဝင်များအား ကြီးကြပ်ခဲ့သည်။

နီကာရာဂွာနိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များအား အလှည့်ကျအဖြစ် ဖေဖော်ဝါရီလ၌ နေရပ်သို့ ခေါ်ဆောင်ခဲ့ပြီး ချက်ချင်းပင် ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းတို့ကို ပြန်ပို့ပေးမည်ဖြစ်ကြောင်း ပြောသည်။

ကြေညာ

ဒိုမီနီကန်သမ္မတနိုင်ငံ ကလည်း ၎င်း၏တပ်ဖွဲ့ဝင်များအား နေရပ်သို့ စောစီးစွာခေါ်ဆောင်မည်ဟု ကြေညာခဲ့သည်။ အယ်လ်ဆာလ်ဗာဒိုက အီရတ်ရှိ ၎င်း၏ တပ်ဖွဲ့ဝင်များအား ဩဂုတ်လတွင် အစီအစဉ်အတိုင်း ပြန်ခေါ်သည့်တိုင်အောင် ၎င်းတို့အား ပြန်ချထားမည်၊ မထားမည်ကို မပြောဘဲ ထားသည်။

အမ်အင်အေ၊ ရိုက်တာ

မေ ၁၂ရက်က နာဂျက်ဖ်မြို့တွင်အယ်လ်ဆာဒါကိုထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒတ်ချ်တပ်ဖွဲ့ဝင်များ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဆာမာဝါ မေ ၁၁

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့၌ ဒတ်ချ်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒတ်ချ် တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တခြား တစ်ဦးလည်း ဒဏ်ရာရရှိ ခဲ့သည်။ အဆိုပါပေါက်ကွဲမှုသည် ဒတ်ချ်တပ်ဖွဲ့ဝင်များ ယမန်နေ့ညက တံတားပေါ်တွင် ကင်းလှည့်နေစဉ် မော်တော်ဆိုင်ကယ် စီးလာသူ တစ်ဦးက လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက် ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒတ်ချ် ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဆာမာဝါမြို့တွင် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်သောင်းနှစ်ထောင်သည် ပြီးခဲ့သောနှစ်ဇူလိုင်လကစပြီး လုံခြုံရေး အကူအညီများ ပေးရန်ရောက်ရှိနေခြင်း ဖြစ်သည်။ အီရတ်နိုင်ငံကို ရောက်ရှိနေသည့် ဒတ်ချ်တပ်ဖွဲ့ဝင်များသည် ယခုနှစ်နွေရာသီအထိ ၎င်း၏တပ်ဖွဲ့ဝင်များကို ဆက်လက်ထားရှိမည်ဖြစ်သော်လည်း အီရတ်နိုင်ငံ၌ ဒတ်ချ် တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေး မထားရှိရေးနှင့်ပတ်သက်ပြီး ဒတ်ချ် ပါလီမန်၌ အခြေအနေဆွေးနွေးမှုများ စတင်လျက် ရှိသည်။

(အင်န်အိပ်ချ်ကေ)

ကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများကိုနှိပ်စက်မှု အပြစ်ပေးအရေးယူရန် တရုတ်နိုင်ငံ ပြောကြား

ဘေကျင်း မေ ၁၂

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများကို ပြစ်တင်ရှုတ်ချလိုက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကြာသပတေးနေ့က တောင်းဆိုလိုက်သည်။

အီရတ် အကျဉ်းသားများအား အရှက်ရစေသော အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုဓာတ်ပုံများသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အခြားနိုင်ငံတကာကွန်ဗင်းရှင်းများ၏ သဘောတူညီမှုစာချုပ်များကို ကျူးလွန်ဖောက်ဖျက်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဥပဒေအရ ပြင်းပြင်းထန်ထန်အပြစ်ပေးသင့်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် နိုင်ငံတကာကွန်ဗင်းရှင်း၏ သဘောတူစာချုပ်စာတမ်းများကို လိုက်နာရန်နှင့် အီရတ်အကျဉ်း သားများနှင့် စစ်သုံ့ပန်းများအား လူ့အခွင့်အရေးပေါ် အခြေခံပြီး အကာအကွယ်ပေးရန် လည်းတောင်းဆိုလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် အမေရိကန်ဦးဆောင်တပ်များ အီရတ်နိုင်ငံအား ဝင်ရောက်သိမ်းပိုက်ခြင်းကို ဆန့်ကျင်ခဲ့သောနိုင်ငံဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အကျဉ်းသားများကို ညှဉ်းပန်းမှု ကန်တာဝန်ရှိသူများကို အပြစ်ပေးရန် မလေးရှားတိုက်တွန်း

ကွာလာလမ်ပူ မေ ၁၂

ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းခြင်းသည် စက်ဆုပ်ဖွယ်ရာကောင်းကြောင်းနှင့် မနှစ်မြို့ဖွယ်ဖြစ်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းများက ဆက်လက်ဖော်ထုတ်ကြရန် မလေးရှားနိုင်ငံက တိုက်တွန်းလိုက်သည်။

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုအတွက် နိုင်ငံများအနေဖြင့် ဖြစ်နိုင်ဖွယ်ရှိသည့် လုပ်ဆောင်ချက်များ၊ အခြားနည်းလမ်းများဖြင့် ယင်းစက်ဆုပ်ဖွယ်ရာနှင့် မနှစ်မြို့ဖွယ်ရာ လုပ်ရပ်များကို ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့တွင် အာရပ်သံတမန်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရှိတ်မာမစ်စ်ဒ်က သတင်းထောက်များအား ပြောကြားသည်။

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုအတွက် အမေရိကန်တို့က ဝမ်းနည်းကြောင်း ပြောဆိုနေရုံဖြင့် မလုံလောက်ကြောင်း၊ အမေရိကန်တပ်ဖွဲ့၏ ရာထူးအဆင့်အသီးသီးရှိ တာဝန်ရှိသူများကို အပြစ်ပေးအရေးယူရမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂါရဝပြုတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ရန်ကုန်မြို့တွင် လေ့လာရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော အဖွဲ့ဝင်ရှစ်ဦး ပါဝင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံရာသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနတို့အကြား သတင်းနှင့်ပြန်ကြားရေးဆိုင်ရာများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသူများ တိုင်းရင်းသားကျေးရွာနှင့် တပ်မတော်စစ်သမိုင်းပြတိုက်လေ့လာ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဗဟိုဦးစီးအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်) ခေါင်းဆောင်သော ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များသည် နံနက် ၇နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပင်မဝင်ပေါက်မုခ်ဦး၌ ညွှန်ကြားရေးမှူး ဦးရဲနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ပြည်ထောင်စုကျေးရွာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ဆောက်လုပ်ထားသော တိုင်းရင်းသားများ၏ အိမ်များနှင့် လူနေမှုစနစ် ပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့ပြင် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင် များအား တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဆို၊ အကများဖြင့်လည်း ဧည့်ခံဖျော်ဖြေကြသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီး အဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူးကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော် စစ်သမိုင်းပြတိုက်၌ခင်းကျင်းပြသထားမှုများနှင့်သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်းခင်းကျင်းပြသထားသော နိုင်ငံတော်ဦးတည်ချက် ၁၂ရပ်ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ တပ်မတော်(ရေ) ပြခန်း၊ တပ်မတော်(လေ) ပြခန်း၊ တိုင်းစစ်ဌာနချုပ်များ၏ပြခန်း၊ ဝန်ကြီးဌာန များ၏ပြခန်းများစသည်တို့ကို ကြည့်ရှုလေ့လာကြရာ ပြခန်းများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(အောက်ပုံ)**

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင်တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အမှောင်ခွင်းမှာ မလွဲပါ

❒ စာပေနှင့်စာနယ်ဇင်း
ရောင်းရင်းဆွေသဟာတို့
ညီလာခံဗဟိုဦးစီး
ပြီးစီးခဲ့ပြီ၊
အရှည်ကိုမြော်မြင်
အဆိုတင်ဆွေးနွေး
အမျိုးသားရေးဦးတည်ရပ်
ဆုံးဖြတ်ကြသည်။

❒ ဆုံးဖြတ်ချက်
ရှေ့ဆက်လို့အကောင်အထည်ဖော်
တူပျော်ပျော်လက်တွဲ၊
အမြဲပျော်ရွှင်ဖို့
လမ်းသစ်ထွင် ဦးတည်လှမ်းနေတဲ့
အေးရပ်ခွင် ရွှေပြည်နန်းဆီသို့
ရေးစပ်အစဉ် ကလောင်အစွမ်းတွေနဲ့
ဘေးမသန်းရန်မတွယ် အရောက်လှမ်းနိုင်ဖို့
အမှောင်သန်းတာတွေ အကုန်ရှင်းရအောင်
ကလောင်ထမ်းကာ မောင်မယ်တစ်သင်းရယ်က
ခွင်းလိမ့်မလွဲ။ ။

မျိုးလွှား

(ကျင်းပပြီးစီးသွားသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွှတ်တန်း ရောင်စုံပိုစတာပြိုင်ပွဲကျင်းပမည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွှတ်တန်းရောင်စုံပိုစတာပြိုင်ပွဲကို ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော WANTED! Seas and Oceans-Dead or Alive? (သင်ဘာကိုအလိုရှိသလဲ၊ ပင်လယ်နှင့် သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော) ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးပွား များပြားလာသည်နှင့်အမျှ လူတို့၏ လုပ်ဆောင်ချက်အမျိုးမျိုးကြောင့် ပင်လယ်နှင့်သမုဒ္ဒရာများ ညစ်ညမ်းမှုများဖြစ် ပေါ်လျက်ရှိသည်။ ယခုနှစ်ဆောင်ပုဒ်နှင့်အညီ ညစ်ညမ်းသော ပင်လယ်သမုဒ္ဒရာ အပျက်ကိုမြင်ချင်ပါသလား၊ ကောင်းမွန်သန့်ရှင်းသော ပင်လယ်သမုဒ္ဒရာကို မြင်ချင်ပါသလားဟူသော မေးခွန်း၏ အဖြေကို ပေါ်လွင်စေသည့် ပညာပေးပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်လျက်ရှိသည်။ ပိုစတာများကို ၁၅ x ၂၀လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့် ရေးဆွဲ၍ ပိုစတာတွင် ဆောင်ပုဒ်ကိုထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး မိမိပြောကြားလိုသည့် အကြောင်းအရာကိုလည်း ပညာပေးရေးသားဖော်ပြနိုင်သည်။ ပိုစတာ၏ ကျောဘက်တွင် ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင် အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ စသည်တို့ကို တစ်ပါတည်း ဖော်ပြရန်ဖြစ်ပြီး အဆင့်မီပိုစတာများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပိုစတာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး နိုင်ငံခြားရေးဝန်ကြီးဌာန ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၁၆:၃၀ နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

အာရှဖွံ့ဖြိုးရေးဘဏ်အစည်းအဝေးတက်ရောက်ရန် ဘဏ္ဍာ/အခွန်ဝန်ကြီးဗိုလ်ချုပ်လှထွန်း ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် မေ ၁၃

ကိုရီးယားသမ္မတနိုင်ငံ Jeju Islandတွင် ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်(၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့တက်ရောက်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr Lee Kyung Woo နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမင်းဟန်စိုးတို့လည်း လိုက်ပါသွားကြသည်။

(သတင်းစဉ်)

■ ***အမျိုးသားညီလာခံမှ***

အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အတူ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီးနှင့် ဒဂုံ-ရောမော်တော်ယာဉ်အဝေးပြေးဂိတ်တို့မှ ကြိုဆိုနှုတ်ဆက်ကြကာ အမျိုးသားညီလာခံကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ကိုယ်စားလှယ်များ တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဖွင့်လှစ်ထားရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်များ ကြိုဆိုနေရာချထားရေးစခန်းသို့ ရောက်ရှိလာကြသော ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကိုယ်စားလှယ်များကိုလည်း တာဝန်ရှိသူများက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်နေရာချထားပေးကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄
ရန်ကုန်မြို့ ၂၀၀၄ ခုနှစ် မေလ ၁၀ ရက်
(၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤဝန်ကြီးဌာန၏ ၂၁-၆-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂၏ ဇယား(၂) အမှတ်စဉ် ၁၅ နောက်တွင် အောက်ပါစိတ်ကိုပြောင်းလဲစေသောဆေးဝါးကို အမှတ်စဉ် ၁၆ အဖြစ် ဖြည့်စွက်သတ်မှတ်လိုက်သည်။

အမှတ်စဉ်	နိုင်ငံတကာမူပိုင်မဟုတ်သော အမည်များ (lnternational non-proprietary name)	အခြားမူပိုင်မဟုတ်သောအမည် သို့မဟုတ် မထင်ရှားသောအမည်များ (Other non-proprietary or trivial names)	ဓာတုပစ္စည်းအမည် (Chemical name)
၁၆	အမင်နီတင်း (AMINEPTINE)	အမင်နီတင်း (AMINEPTINE)	(7-[(10,11-dihydro-5H-dibenzo (a,d)] cyclohepten-5-yl) Amino] anoic acid)

(ပုံ) ဒေါက်တာကျော်မြင့်
ဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

ကြိုဆို

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ မြန်မာ့မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရေးသို့လှမ်း

ဗေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

မေ ၁၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E Datuk Dauglas Uggah** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(မြန်မာ့အလင်း)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် Internet and e-mail သင်တန်းအမှတ်စဉ်(၁)၊ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၄၃)နှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃၁)တို့၏သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ သင်တန်းသားသင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့လူငယ်များကို ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကြွယ်ဝစေရန်နှင့် အထောက်အကူပြုနိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဤသင်တန်းများဖွင့်လှစ်ခြင်းဖြစ်၍ ဖွဲ့ရှိရှိဖြင့် ကြိုးကြိုးစားစားသင်ယူကြပြီး အဆင့်မြင့်သည့်လူနေမှုစနစ်နှင့် ကောင်းမွန်သည့်လူနေမှုဘဝ ပတ်ဝန်းကျင်ကို တည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က သင်တန်းများဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် Internet and e-mail သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်းခန်းမများ၌ သင်တန်းသားသင်တန်းသူများ လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

စံပြကျေးရွာ ရေအားလျှပ်စစ်စက်တပ်ဆင်မှုကြည့်ရှု မင်းတပ်-မကွီးအိမ်နူးကားလမ်းဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် မေ ၁၃

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့မှ မေ ၇ ရက်က ပုဂံ ညောင်ဦးမြို့သို့ထွက်ခွာခဲ့သည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၈ ရက်တွင် မင်းတပ်မြို့ မကွီးအိမ်နူးဖွံ့ဖြိုးရေးဂျစ်ကားလမ်း ဖောက်လုပ်နေမှုအား သွားရောက်စစ်ဆေးကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်နှင့်ဆားများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သင်ကြားနေသော နွေရာသီအခြေခံကွန်ပျူတာသင်တန်း(၁/၂၀၀၄)သို့ သွားရောက်ကြည့်ရှုပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောကြားသည်။ ထိုမှ ဆက်လက်ထွက်ခွာလာခဲ့ရာ တွန်းဖံမြို့နယ် လမ့်ဆန်အုပ်စု ရှာလ်ထော်ဇန်စံပြကျေးရွာသို့ရောက်ရှိပြီး ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် စက်တပ်ဆင်အသုံးပြုရန် ရေစုကန်နှင့် ရေသွယ်မြောင်းဖောက်လုပ်နေသော ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် တွီးခိန်ဇန်စံပြကျေးရွာသို့ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် တပ်ဆင်အသုံးပြုနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားပြီး ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားမြစ်ရေအခြေအနေ

ရန်ကုန် မေ ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် ၆၈၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၂၉၈ စင်တီမီတာ (၁၀ပေခန့်) တိုးလာသည်။ အဆိုပါ ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၁၀ စင်တီမီတာ (၇ ပေခန့်)၊ နောက်ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ပေခန့်) လက်ရှိ ရေမှတ်များအထက် ရုတ်တရက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၃

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်း ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ် နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့်(၁၀၇)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ မေ၁၈ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၈၀၆ နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။**(က-ပ)**

သားငါးပွံ့ပြီး ပြည်အကျိုး

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၃)

ပြောလေ ကဲလေ၊ မန်းလေ ပြလေဆိုသလို ဘယ့်ကလောက် ပြောပြော ဘယ်လိုမှ ရှက်ရမှန်းမသိတဲ့အထိ ရှက်ကြောများ ပြတ်နေကြသလား မသိဘူးဗျာ။ မှန်တာ၊ မှားတာ အရေးမထားဘဲ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို နေ့စဉ်နှင့်အမျှ လုပ်ကြံပုတ်ခတ်တာက တို့အလုပ်ပဲ၊ ဟုတ်တာ မဟုတ်တာ အရေးမကြီးဘူး၊ အရေးကြီးတာက ဆရာကြီး၊ သမားကြီး ခေါင်းကိုင် ဂရုကြီးများကတို့ကို ကျေကျေနပ်နပ် ကျော်သပ်ရင်သပ်နဲ့ ဒေါ်လာမပြတ်အောင် ပေးနေဖို့ပဲဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်နဲ့ လုပ်နေကြတဲ့ မြန်မာပြည်ပြေး၊ ဝရမ်းပြေးများရဲ့ ဒီမိုကရေစီ မဟာစီမံကိန်းကတော့ မသိရင်ခက်မယ်လို့ ပြောပါရစေခင်ဗျာ။

၂၀၀၄ခုနှစ် မေလ၃ရက်နေ့ နံနက်၆နာရီမှာ VOA မြန်မာပိုင်း အစီအစဉ်က ဘယ်လို ထုတ်လွှင့်သွားသလဲဆိုတော့ နိုင်ငံတကာသတင်းနှင့်စာနယ်ဇင်းလွတ်လပ်ခွင့်နေ့မှာ မြန်မာသတင်းသမဂ္ဂက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြောင်း တင်ပြချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာပြည်ပြေး ဝရမ်းပြေးအုပ်စုရဲ့ မဟုတ်တရုတ် အတင်းအဖျင်းကို သတင်းအဖြစ် ထုတ်လွှင့်သွားခဲ့သလို BBCအသံလွှင့်ဌာနကလဲ အားကျမခံ သူထက်သူ လူစွမ်းကောင်းလုပ်ပြသလို အဲဒီ မေလ၃ရက်နေ့ နံနက် ၆နာရီခွဲမှာပဲ မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးတင်မောင်သန်းအား မေးမြန်းချက်သတင်းဆိုပြီး ဗျူးအခန်းနဲ့ အရှုးချေးပန်း ထုတ်လွှင့်ပုတ်ခတ်ခဲ့သဗျ။

အဲသဟာနဲ့အပြိုင် VOA ကလဲ သူ့ထက်ကဲရွှေပြည်စိုး လုပ်ပြလာပြန်တာက မေလ၃ရက်နေ့ ည ၉နာရီမှာ ဘယ်လို ထုတ်လွှင့်လာသလဲ ဆိုရင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ဦးဇင်လင်း၏အမြင်တင်ပြချက်ဆိုတဲ့ ဗျူးအခန်းနဲ့ပဲ အရှုးအနှမ်းလို မေးကြဖြေကြသဗျ။ ဟော... နောက်တစ်ခါ လာပြန်ပြီဗျို့ဆိုသလို မေလ ၄ရက်နေ့ နံနက် ၆နာရီမှာ VOAအသံလွှင့်ဌာနက ထုတ်လွှင့်လာပြန်သဗျ။ ဘာတွေထုတ်လွှင့်လာပြန်သလဲ ဆိုတော့ နယ်ခြားမဲ့ သတင်းထောက်များအသင်း၏ အစီရင်ခံစာအကြောင်း တင်ပြချက်ဆိုပြီး မဟားတရား လုပ်ကြံတဲ့ အတင်းအဖျင်းတွေကို သားသားနားနား သတင်းအဖြစ်နဲ့ ထုတ်ပြန်ခြင်း ပြုသဗျ။

သို့ကလိုတွေ VOAနဲ့ BBCတို့က အတင်းအဖျင်းအထုတ်စုတ်တွေကို သတင်းလုပ်ပြီး ထုတ်လွှင့်ခဲ့သမျှဟာ ဘာတစ်ခုမျှ အခြေအမြစ်မရှိတဲ့အကြောင်း ပေါက်စ ပေါင်းရုံးပြီး ထုတ်နုတ်ရှင်းလင်းပါ့မယ် ခင်ဗျာ။

အဲသဟာတွေကတော့ မြန်မာပြည်ပြေး၊ ဝရမ်းပြေး နှစ်ယောက်တစ်ပိုင်းနှင့်ဖွဲ့ထားတဲ့ မြန်မာသတင်းသမဂ္ဂရဲ့ ကြေညာချက်က ဘယ်လိုတွေ ရေးထားသလဲဆိုရင် "ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဓာတ်ပုံနဲ့ သတင်းတွေကို ဖော်ပြခဲ့တဲ့ခေတ်မြန်မာဂျာနယ်ဟာ ဒီနှစ် ဧပြီလအထိ ထုတ်ဝေခွင့်မပေးသလို မိုးဂျာနယ်ကိုလဲ သခင်တင်မြတို့၊ သခင်လှကွန့်တို့၊ ရွှေစ(ဟသ်ာတ)တို့စတဲ့ နိုင်ငံရေးသမားကြီးတွေရဲ့ စာမူတွေ ဖော်ပြလို့ ပိတ်ထားတဲ့အကြောင်း၊ ထင်ရှားတဲ့စာရေးဆရာကြီးများဖြစ်ကြတဲ့ သမိုင်းသုတေသီ ဒေါက်တာသန်းထွန်း၊ လူထုဒေါ်အမာ၊ မြန်မာ့အလင်းသန်းညွန့်တို့ရဲ့ စာတွေကိုလဲ ပိတ်ပင်ထားတဲ့အတွက် မဂ္ဂဇင်း၊ စာစောင်တွေမှာ မမြင်မတွေ့ရတဲ့အကြောင်း"ကြေညာသတဲ့ခင်ဗျာ။

အဲ...ရှိသေးသဗျ။မြန်မာ့သတင်းသမဂ္ဂရဲ့ ပြောရေးဆိုခွင့်ရှိသူ အတွင်းရေးမှူး မောင်မောင်မြင့်တို့၊ ထိုင်းနိုင်ငံဆိုင်ရာ တာဝန်ခံဇင်လင်းတို့၊ အမေရိကန်အခြေစိုက် တင်မောင်သန်းတို့ဆိုတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးတွေက ဘယ်လိုတွေ ဗျူးအခန်းမှာ အရှုးချေးပန်း ပြောကြသလဲဆိုတော့ "စာနယ်ဇင်း လွတ်လပ်ခွင့်ပေးဖို့နဲ့ စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ စာနယ်ဇင်းသမဂ္ဂလို အဖွဲ့အစည်းမျိုး ဖွဲ့စည်းခွင့်ပေးဖို့အကြောင်း ဧပြီ ၂၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ စာရေးသူပေါက်စက ရှမ်းဂျာနယ်တစ်စောင်ဟာ နိုင်ငံရေးကိစ္စတွေဖော်ပြခဲ့လို့ ပိတ်တာဖြစ်တယ်ဆိုပြီး ရေးထားတဲ့အကြောင်း" အဲသလိုတွေ သောင်းပြောင်းထွေလာ ကလီကမာစကားတွေနဲ့ မဟားတရားကြီး ပြောခဲ့ဆိုခဲ့ကြသဗျ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့အတိုင်း မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့် မရှိဘူးဆိုရင် နေ့စဉ်နှင့်အမျှ တစ်နေ့မပြတ် ရက်သတ္တပတ် ခုနစ်ရက်လုံးလုံး ထုတ်ဝေဖြန့်ချိနေတဲ့ အပတ်စဉ်ဂျာနယ်တွေ၊ စာစောင်တွေ၊ အမျိုးအမည် အထွေထွေနဲ့ ထုတ်ဝေလို့ရမလား ခင်ဗျာ။ လစဉ်ထုတ် မဂ္ဂဇင်းတွေဆိုတာကလဲ အမျိုးအမည်အစုံစုံ၊ ဘာသာရပ်အဖုံဖုံနဲ့ တစ်လကုန်တဲ့အထိ ဖတ်လို့မကုန်အောင် လစဉ်ထုတ်နိုင်ပါ့မလား ခင်ဗျာ။ အဲသဟာအပြင် စာနယ်ဇင်းသမားတွေရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေတဲ့ စာပေနဲ့စာနယ်ဇင်းအဖွဲ့ကြီးဆိုတာကလဲ အဖွဲ့ဝင်ပေါင်း ခြောက်ထောင်ကျော် ခုနစ်ထောင်နီးပါးနဲ့ မြို့နယ်ပေါင်းသုံးရာကျော် လေးရာအတွင်း ဖွဲ့စည်းပြီး ရှိသဗျ။

ရှင်းရှင်းလေးခင်ဗျ၊ မြန်မာနိုင်ငံစာနယ်ဇင်းလောကမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဓာတ်ပုံနဲ့ ဆောင်းပါးတွေဖော်ပြလို့ဆိုပြီး ဘယ်စာနယ်ဇင်းမှ အပိတ်မခံရဘူးဗျာ။ တစ်ခုတော့ ရှိသပေါ့ဗျာ၊ ကိုယ်ပိုင် အစွမ်းမရှိတဲ့ သူတွေက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရှေ့တန်းထုတ်ပြီး စိန်နားကပ်ရောင်နဲ့ ပါးပြောင်ချင်တဲ့ အလုပ်မျိုးတော့ ခွင့်မပြုဘူးခင်ဗျ။ ပြောမယ်ဆိုရင် ၁၉၉၄ခုနှစ်အတွင်းမှာပဲ အားမာန်သစ်စာပေက ထုတ်ဝေခဲ့တဲ့ စာပေဂျာနယ်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဓာတ်ပုံကို မျက်နှာဖုံးအပြည့် ဖော်ပြခဲ့ပြီး စာအုပ်တစ်အုပ်လုံး ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အတ္ထုပ္ပတ္တိနဲ့အတူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အမျိုးသားရေး စိတ်ဓာတ်တွေ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ရပ်တည်ချက်တွေ အဲသဟာတွေကို စာပေဂျာနယ် တစ်အုပ်လုံး ရေးသားဖော်ပြခဲ့သဗျ။

အဲသလိုပဲ မိုးဂျာနယ်ကိုလဲ အစိုးရက ပိတ်တာမဟုတ်ဘူးခင်ဗျ။ ထုတ်ဝေသူ သခင်အောင်ဖေ ကွယ်လွန်သွားတော့ ဆက်ခံသူ သားသမီးတွေအနေနဲ့ ငွေရေးကြေးရေးအရ အခက်အခဲဖြစ်ပြီး ဆက်မထုတ်နိုင်ခဲ့ဘဲ ခြောက်လလောက် ရပ်နေခဲ့တယ်ဗျာ။ အဲဒီအခြေအနေမှာ ဝါမိုးအောင်စာပေက ထုတ်ဝေခွင့်ငှားပြီး ထုတ်ခဲ့ပေမယ့် အရှုံးဒဏ်မခံနိုင်တော့လို့ ပြန်အပ်လိုက်တယ်ဗျာ။ မိုးဂျာနယ်ဟာ ထုတ်ဝေခွင့်ငှားသူမရှိဘဲ ရှာလည်ပြီး ရပ်စဲနေရာက မုံရွေးစာပေနဲ့ ဆက်သွယ်မိခဲ့လို့ လက်ရှိ ဒီကနေ့ ကာလသမယမှာ ဆက်လက်ထုတ်ဝေနေတယ်ဆိုတာ တွံ့သင် မြန်မာပြည်ပြေး ဝရမ်းပြေးများ၊ ဂဏှာဟိမှတ်ကြလေလော့၊ မှတ်လေတော့။

ပေါက်စ

ဘယ့်နှယ်ဗျာ၊ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းလောကအခြေအနေကို နကန်းတစ်လုံးမျှမသိတဲ့ မြန်မာပြည်ပြေး၊ ဝရမ်းပြေးတွေက ရမ်းတုတ်မှန်းတုတ် လုပ်ကြံစွပ်စွဲတာတွေကို VOAနဲ့ BBCတို့က ခပ်တည်တည်နဲ့ လိမ်လည်ထုတ်လွှင့်နေတာကတော့ နိုင်ငံတကာ မီဒီယာလောကအလယ်မှာ ရှက်ဖွယ်၊ ရှက်ဖွယ်ဆိုတဲ့ စကားနဲ့ပဲ ပေါက်စ သနားတယ်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ ဒီနေ့ မြန်မာစာနယ်ဇင်းနယ်ပယ်မှာ နိုင်ငံတော်အစိုးရက စာနယ်ဇင်းထုတ်ဝေခွင့်တွေကို အလုံးအရင်းလိုက် အောတိုက်ပြီးပေးခဲ့တော့ ထုတ်ဝေတဲ့ စာနယ်ဇင်းတွေကလဲ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် စာဖတ်သူအကြိုက်ဖြစ်အောင် ကြိုးစားရင်းနဲ့ လေ့လော့်ရင်း တက်ကျိုးပြီး ရှေ့မတိုးနိုင်ဘဲ ရပ်စဲနေရတဲ့ စာနယ်ဇင်းတွေ အများကြီးရှိသဗျ။ အဲသဟာကို ဘာကမျှ နည်းမလည်ဘဲနဲ့ စာနယ်ဇင်းတစ်စောင်ရပ်သွားတိုင်း အစိုးရကပိတ်လို့၊ စာနယ်ဇင်း လွတ်လပ်ခွင့်မရှိလို့ဆိုပြီး ပါသမျှချေး ပုစွန်ဆိတ်ခေါင်းပေါ်ပုံချဖို့ လုပ်ကြံစွပ်စွဲနေကြတဲ့ မြန်မာပြည်ပြေး၊ဝရမ်းပြေးတွေရဲ့ အတင်းအဖျင်းသမဂ္ဂနဲ့ နယ်မခြားစည်းမခြား ရမ်းကားစွက်ဖက်နေတဲ့ နိုင်ငံတကာ အတင်းအဖျင်းအသင်းတို့ရဲ့ အတင်းအဖျင်း အထုပ်စုတ်တွေဟာ ဒီနေ့ မြန်မာစာနယ်ဇင်းလောကမှာ ဘယ်လိုမျှ စာရင်းသွင်း အလုပ်ရှုပ်မခံတော့ဘူးဗျာ။

လာလာချည်သေးဗျာ၊ ဒေါက်တာသန်းထွန်းတို့၊ လူထုဒေါ်အမာတို့၊ မြန်မာ့အလင်း သန်းညွန့်တို့ရဲ့ စာတွေလဲ အပိတ်ခံထားရလို့ မဖတ်ရမမြင်ရပြန်ဘူးတဲ့ ခင်ဗျာ။ ပေါက်စတော့ လက်လန်တယ်ဗျာ။ အဲဒီစာရေးဆရာတွေရဲ့ ဆောင်းပါးတွေဟာ ဂျာနယ်တွေမှာ၊ မဂ္ဂဇင်းတွေမှာ တစ်မိုးလုံးဖျောက်ဆိတ်ဖြစ်နေပြီး လုံးချင်းစာအုပ်အဖြစ်နဲ့လဲ အများကြီးထုတ်ဝေနေကြတယ်ဗျာ။

အဲသလိုပဲ၊ ဧပြီလ၂၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာ ပေါက်စရေးခဲ့တာက "ရှမ်းဘာသာနဲ့ ဂျာနယ်တစ်ခုတော့ ပေါ်ခဲ့ဖူးတယ်။ အဲဒီဂျာနယ်ကို သက်ဆိုင်ရာက ထုတ်ဝေခွင့်မပြုတာဟာ ဘာနိုင်ငံရေးသတင်းရေးလို့မှ မဟုတ်ဘူးခင်ဗျ။ နိုင်ငံရေးပါတီထုတ်ဝေခွင့်ကို နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး ကလီကမာနဲ့ အလွဲသုံးစားလုပ်နေတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာက ထောက်ပြလိုက်တဲ့အတွက် အလိုက်သိသိ ရပ်တန်းက ရပ်သွားတာခင်ဗျ။ ဘာမှ အရေးမယူခဲ့ရသေးဘူးလို့ ပေါက်စ သိရတယ်" ဆိုပြီး သူငယ်တန်းတက်နေတဲ့ ကလေးတောင်နားလည်တဲ့ အရေးအသားမျိုးနဲ့ ရိုးရိုးရှင်းရှင်း ရေးထားတာပါဗျာ။ အဲသဟာကို မြန်မာ့အတင်းအဖျင်းသမဂ္ဂရဲ့ အတွင်းရေးမှူးဟူသော ပုဂ္ဂိုလ်အထီး အကောင်းစားကြီး မောင်မောင်မြင့်က ရှမ်းဂျာနယ်တစ်စောင်ဟာ နိုင်ငံရေးကိစ္စတွေဖော်ပြလို့ ပိတ်တာဖြစ်တယ်ဆိုပြီး ပေါက်စရေးတာကို ပြောင်းပြန် လှန်ပြောသွားသဗျ။

တစ်ခုတော့ပေါက်စအမှတ်တရခံစားနားလည်ခွင့်လွှတ်ရမလိုဖြစ်တယ်ဗျာ။ ကွယ်လွန်သူ စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်က အလံနီသခင်စိုးကြီးဟာ ခေါင်းကို အုန်းပင်စိုက်တဲ့အမြင်နဲ့ လောကကြီးအပေါ် ဇောက်ထိုးမိုးမျှော် ပြောင်းပြန်ကြည့်၊ ပြောင်းပြန်မြင်သူဖြစ်တယ်လို့ ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်းအခန်းမှာ ဝေဖန်ရေးသားခဲ့တာကို ပေါက်စ အမှတ်တရဖြစ်လာသဗျ။

အခုလဲပဲပေါ့လေ၊ မြန်မာ့အတင်းအဖျင်းသမဂ္ဂ၊ အတွင်းရေးမှူးဟူသော ပုဂ္ဂိုလ်အထီး အကောင်းစားကြီး မောင်မောင်မြင့်အပါအဝင် မြန်မာပြည်ပြေး ဝရမ်းပြေးများအားလုံးက မြန်မာနိုင်ငံလဲ ဖြစ်ထွန်းတိုးတက်လာတဲ့ ပကတိအရှိတရားတွေအပေါ် ခေါင်းကိုအုန်းပင်စိုက်ပြီး ဇောက်ထိုးမိုးမျှော် ပြောင်းပြန်မြင်တဲ့ရောဂါကြီးနဲ့ ပုတ်ခတ်စွပ်စွဲနေကြရှာပါကလားလို့ ပေါက်စ ခံစားနည်းလည် ခွင့်လွှတ်ချင်လာတယ် ခင်ဗျာ။

ကဲ...ပေါက်စ စကားကို နိဂုံးကမ္ပတ် အဆုံးသတ်ပါ့မယ်ခင်ဗျာ။ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းလောကနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေမှန်တွေကို အုန်းပင်စိုက် အတွေးအမြင်နဲ့ ဇောက်ထိုးမိုးမျှော် ပြောင်းပြန်မြင်ပြီး ပုတ်ခတ်စွပ်စွဲနေတဲ့ မြန်မာ့အတင်းအဖျင်းသမဂ္ဂနဲ့ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စည်းမဲ့ကမ်းမဲ့၊ သိက္ခာမဲ့ ကျူးကျော်စွက်ဖက်နေတဲ့ စည်းမရှိ ဝါးမရှိ နိုင်ငံတကာ အတင်းအဖျင်းအသင်းနဲ့တကွ မြန်မာနိုင်ငံအတွက် အဖျက်သတင်း၊ အပျက်သတင်းမှန်သမျှကို မြိန်မြိန်ရှက်ရှက် တပ်မက်ရူးသွပ်စွာ လက်ခံဖြန့်ဝေထုတ်လွှင့်ပေးနေကြသော VOAနဲ့ BBCတို့ အပါအဝင် အားလုံးဟာ အုန်းပင်စိုက် အမြင်ရောဂါသည်တွေဖြစ်နေကြတဲ့အတွက် **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့စကားနဲ့ ပေါက်စ စုပ်တသတ်သတ် သနားနေမိတဲ့ အကြောင်း စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လု၊ ဆုချီးမြှင့်

ရန်ကုန် မေ ၁၃

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ၁၀ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်းရှိ "သူရအုန်းခိုင်ခန်းမ"၌ ကျင်းပသည်။ အစီအစဉ်အရ တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကြရာလေကြောင်းအတတ်သင် လေတပ်စခန်းအသင်းမှ ဗိုလ်ကြီးတင်မောင်ဦးက လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းမှ ဒုတိယအရာခံဗိုလ်ညိုမောင်ကို သုံးပွဲ တစ်ပွဲ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စားပွဲတင် တင်းနစ်ပြိုင်ပွဲတံခွန်စိုက်ဆုရရှိသည့်လေကြောင်းအတတ်သင် လေတပ်စခန်း အသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း-လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက် ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**



မေ ၉ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၉) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများဖြစ်သော အကောက်ခွန် ၁လမ်း၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇လမ်း၊ ဖိုးဝဇီရာလမ်း၊ ဥဿဖရားလမ်း၊ သမာဓိ ၄လမ်း၊ အပိုင်း(၁)၊ နတ်မောက်လမ်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါလမ်းထိပ်တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းနိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ စည်ပင်လမ်းနှင့်တံတားတာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရွှေတုတ်တို့က မင်္ဂလာ ပန္နက်တိုင်များ ရိုက်သွင်းပေးကြစဉ်။ (က-ပ)

■ *ကျောဖုံးမှ*

မြင့်မားမှ ပြည်သူအကြားများများပျံ့နှံ့မည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာနသည် အရည်အသွေးမြှင့်တင်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ အပြင် နိုင်ငံတည်ငြိမ်အေးချမ်းမှု အခြေအနေမှန်များကို မြန်မာသာမက ကမ္ဘာကပါသိရှိအောင် ပြန်ကြားရာတွင် မြန်မာ့ရုပ်မြင်သံကြားလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ကျယ်ကျယ်ပြန့်ပြန့်

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် MRTV, MRTV-3အပြင် ယခုအခါ MRTV -4 ပါထုတ်လွှင့်နိုင်သည်အထိ အောင်မြင်မှုရနေသည်။ MRTV -3 ကို အင်တာနက် Net Work ၌ ထည့်သွင်းထုတ်လွှင့်ပေးသဖြင့် အာရှ၊ ဥရောပနှင့်အမေရိကရှိ နိုင်ငံအများအပြားကပါ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။ တစ်နည်းအားဖြင့် MRTV-3 သည် World Wide အဆင့်သို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိလာပြီးဖြစ်သည်။

ယခုထပ်မံ၍ မေ ၁၅ရက်တွင် စတင်၍ MRTV-4 ကို ထုတ်လွှင့်မည်ဖြစ်ရာ ထုတ်လွှင့်ရေးအစီအစဉ်များနှင့် ပတ်သက်၍ သိရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးအား မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ရည်မှန်းချက်အောင်မြင်

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက MRTV-4ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာတွင် "ပြည်သူလူထုအတွင်း အသိပညာ၊ အတတ်ပညာ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားရောက်ရှိဖို့ဆိုရင် ကျေးလက်ဒေသအစွန်အဖျားပါမကျန် ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ဖို့လိုပါတယ်။ ဒီလိုပျံ့နှံ့ရောက်ရှိဖို့အတွက် ပြန်ကြားရေးလုပ်ငန်းကို သွက်လက်ထက်မြက်အောင်၊ အရည်အသွေးမြင့်မားအောင် အမြဲဂရုစိုက်ဆောင်ရွက်ရပါတယ်။ ဒါမှ ပြန်ကြားရေးရဲ့ ရည်မှန်းချက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ရဲ့ အကျိုးဆက်အဖြစ် MRTV-4 ဆိုပြီး ပေါ်ပေါက်လာတာပါ။

MMBox

MRTV-4ဖမ်းယူရာတွင် အရေးပါသော စွမ်းရည် ငါးမျိုးပါ Myanmar Media Boxခေါ် MMBoxကို တွေ့ရစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)



ခေတ်မီနိုင်ငံတည်ဆောက်နိုင်

ပြီးတော့မျက်မှောက်ခေတ်ဟာ အနာဂတ်ကိုစိန်ခေါ်နေတဲ့ နည်းပညာခေတ်ဖြစ်ပါတယ်။ တစ်နေ့တခြား ဆန်းသစ်တိုးတက်လာတဲ့ နည်းပညာကမ္ဘာကြီးကို ရင်ဘောင်တန်းလိုက်နိုင်မှ ခေတ်မီနိုင်ငံတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ MRTVက ပြည်သူများကို ပြန်ကြားနိုင်ဖို့ နှစ်စဉ်ဒေါ်လာ ၁ ဒသမ ၉၅ သန်းနဲ့ ငှားရမ်းသုံးစွဲနေတဲ့ Band Width ရှိပါတယ်။ ဒီ Band Widthကိုအပြည့်အဝမသုံးစွဲနိုင်သေးဘူး။ တချို့တစ်ဝက်ပဲ သုံးစွဲနိုင်သေးတယ်။ ဒါကြောင့် ဒီ Band Width ကိုအကျိုးရှိအောင် MRTV Channel-4 ဆိုပြီး လွှင့်ဖြစ်တာဖြစ်ပါတယ်။

MRTV-4 အစီအစဉ်တွေကို သာမန်ကြည့်နေကျလေလှိုင်းက ဖမ်းယူလို့မရပါဘူး။ MRTV ၊ MRTV -3 တို့ထုတ်လွှင့်သလို Free to air ထုတ်လွှင့်တာမျိုး မဟုတ်လို့ ရိုးရိုးရုပ်မြင်သံကြားနဲ့ကြည့်လို့မရပါဘူး။ ဒီ Channel ကို ဖမ်းယူဖို့ Learning Centre များမှာ တပ်ဆင်တဲ့ စက်ပစ္စည်းများနည်းတူ ရှစ်ပေစလောင်းရိုးရိုး LNB နဲ့ သီးခြားတီထွင်ထားတဲ့ MMBox လို့ခေါ်တဲ့ စက်တစ်မျိုးနဲ့ ဖမ်းယူကြည့်ရှုရမှာဖြစ်ပါတယ်။

နည်းပညာတိုးတက်လာ

ဒီ MMBox ကို ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ကိုယ့်ဟာကိုယ် Assembly လုပ်တာဖြစ်ပါတယ်။ ဒီလိုတဖြည်းဖြည်း တိုးချဲ့လုပ်ဆောင်မှ ကျွန်တော်တို့နိုင်ငံရဲ့ Technology တိုးတက်လာမှာဖြစ်ပါတယ်။ MRTV-4 ကို ထူထောင်တာ ဒီရည်ရွယ်ချက်လည်းပါပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့မှာ MRTV နဲ့ MRTV-3 တို့ ရှိပေမယ့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့နဲ့ ပတ်သက်တဲ့ ပညာပေးအစီအစဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်မပေးနိုင်သေးဘူး။ ဒါကြောင့်မို့လို့ ပြည်သူတွေကို Free of Charge နဲ့ ဘက်စုံထောင့်စုံကပညာပေးနိုင်ဖို့ ဒီ Channel ကိုလုပ်တာဖြစ်ပါတယ်။

အထိုက်အလျောက်ကာမိ

ဒီ Channel မှာ ပညာပေးနဲ့ ဖျော်ဖြေရေးက ၅၀ ရာခိုင်နှုန်းစီ ဖြစ်ပါတယ်။ ပြည်သူကို ဖျော်ဖြေမှုပေးရပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ဌာနအတွက် ဝင်ငွေရအောင်ဖြစ်ပါတယ်။ ဒါမှ နိုင်ငံတော်က ကုန်ကျထားတဲ့ငွေကို အထိုက်အလျောက်ပြန်ပြီးကာမိနိုင်မှာဖြစ်ပါတယ်။

ပညာပေးအစီအစဉ်ကို နေ့စဉ် နံနက်၇နာရီက ည ၁၁ နာရီအထိ ၁၆ နာရီ ကြာထုတ်လွှင့်ပေးပါမယ်။

ဥပမာ–ကျန်းမာရေးဌာနက တစ်ပြည်လုံးမှာရှိတဲ့ သူနာပြုသင်တန်းကျောင်းတွေ၊ ဆရာဝန်တွေကို စာသင်တဲ့အခါမှာပဲဖြစ်ဖြစ်၊ ခွဲစိတ်တဲ့အခါမှာပဲဖြစ်ဖြစ် Corporate Training လုပ်ချင်ရင် ဒီကနေ Data File ပို့လိုက်တာနဲ့ တစ်ပြည်လုံးက ဖမ်းယူသင်ကြားနိုင်ပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ နွေစပါးစိုက်မယ်၊ မိုးစပါးစိုက်မယ်ဆိုရင် သိပ္ပံနည်းကျဘယ်လိုစိုက်ရမယ်ဆိုတာ ပို့လို့ရပါတယ်။ လုံခြုံရေးနဲ့ပတ်သက်လို့လည်း ရန်ကုန်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့က ဒီဓာတ်ပုံနဲ့ဒီလူတော့ တရားခံပြေးဖြစ်သွားပြီ၊ သေသေချာချာပိတ်ဆို့ပြီး ဖမ်းထားပါစသည်ဖြင့် Dataပို့လိုက်ခြင်းအားဖြင့် တရားခံပြေးကို အချိန်တိုအတွင်း ဖမ်းမိနိုင်မှာဖြစ်ပါတယ်။ အစတုန်းက ဒီလိုလုပ်မယ်ဆိုရင် ဂြိုဟ်တုစက်သွားငှားရတယ်၊ ငှားပြီးရင်လည်း Technology ပြောင်းသုံးရတယ်။

အချိန်တိုအတွင်းဖမ်းယူနိုင်

ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အပါအဝင် ပြည်သူတွေအားလုံး MRTV-4ကို ချိတ်ဆက်အသုံးပြုခြင်းဖြင့် နိုင်ငံတော် နဲ့ ဝန်ကြီးဌာနတွေကပေးပို့တဲ့ သတင်းအချက်အလက်တွေကို အချိန်တို အတွင်း ဖမ်းယူရရှိနိုင်မှာဖြစ်ပါတယ်။

ပညာပေးအစီအစဉ်များ

MRTV-4 ရဲ့ထူးခြားချက်က ဝန်ထမ်းတွေကို သင်တန်းပေးဖို့ ရန်ကုန်ကိုခေါ်စရာမလိုတော့ဘူး။ မိမိမှာရှိတဲ့စက်ကို ဖွင့်ကြည့်ရုံနဲ့ သင်ကြားနိုင်တယ်၊ ဒါကြောင့် ရန်ကုန်ခေါ်ရတဲ့စရိတ်စက သက်သာတယ်၊ အချိန်ကုန်သက်သာတယ်။ စနေနေ့ကစပြီး ထုတ်လွှင့်မယ့်အစီအစဉ်တွေမှာ ပညာပေးခေါင်းစဉ်လေးတွေ ထည့်သွားမှာဖြစ်ပါတယ်။ Program ၁၅၀ လောက်ရှိပါတယ်။ အချိန်ကုန်သက်သက်သာသာနဲ့ အိမ်မှာ၊ ရုံးမှာနေရင်း အသိပညာတိုးပွားနိုင်တဲ့ အစီအစဉ်ဖြစ်ပါတယ်"ဟု ဝန်ကြီးဌာန ပညာပေးအစီအစဉ်များကို ရှင်းပြသည်။

ဖျော်ဖြေရေးကြားညှပ်ထည့်

MRTV-4 ထုတ်လွှင့်မှု အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်နေသည့် Forever Group မှ ဒါရိုက်တာ ဦးဝင်းမော်အား ဖျော်ဖြေရေးအစီအစဉ်များနှင့် ဖမ်းယူရမည့်စနစ်များနှင့် ပတ်သက်ပြီး မေးမြန်းကြည့်ရာ ဦးဝင်းမော်က " MRTV-4 ရဲ့ ပညာပေးအစီအစဉ်ဆိုတာကလည်း အတုံးလိုက် အတစ်လိုက် ပညာပေးတာမျိုးမဟုတ်ဘူး။ ပြည်သူတွေအနေနဲ့ ဝန်ကြီးဌာနတွေမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို သိရှိဖို့၊ ဆက်သွယ်ဖို့ လိုအပ်လာရင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာ သိစေဖို့ ဖြစ်ပါတယ်။ ဝန်ကြီးဌာန လုပ်ငန်းများနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြနေစဉ်အတွင်းမှာ ဖျော်ဖြေရေးအစီအစဉ်တွေကို ကြားညှပ်ထည့်သွင်းသွားမှာ ဖြစ်ပါတယ်။

ဖျော်ဖြေရေး အစီအစဉ်အနေနဲ့ တစ်နေ့ရုပ်ရှင် သုံးကား (ပြည်တွင်းပြည်ပဇာတ်ကားများ) ထုတ်လွှင့်မယ်။ နိုင်ငံခြားဇာတ်ကားကို မြန်မာစာတန်းထိုးနဲ့ ကြည့်ရမှာ ဖြစ်ပါတယ်။ ထုတ်လွှင့်တဲ့ ရုပ်ရှင်သုံးကားကို တစ်ပတ်အတွင်း မိမိကြိုက်နှစ်သက်တဲ့အချိန်မှာ အားရင်အားသလို ကြည့်နိုင်မှာ ဖြစ်တဲ့အပြင် ဒီရုပ်ရှင်ကားကို ထပ်တလဲလဲ ကြည့်ချင်လို့ ကူးယူထားမယ်ဆိုရင်လည်း MM Boxမှာ ခြောက်နာရီစာအထိ ကူးယူနိုင်အောင် ဆောင်ရွက်ထားပါတယ်။

ရုပ်ရှင်ပြချိန် သို့မဟုတ် ဘောလုံးပွဲလာချိန်မှာ ကိုယ်ကမအားလို့ ၁၅ မိနစ် သို့မဟုတ် နာရီဝက် ရပ်ထားချင်ရင် ရပ်ထားလို့ရပါတယ်။ ပြန်ကြည့်တဲ့အခါ ကိုယ်ရပ်ထားတဲ့နေရာက ဆက်ကြည့်နိုင်ပါတယ်။

သီချင်းအပုဒ် ၂၀၀၀ ထည့်ထား

ဗွီစီဒီကာရာအိုကေကို မြန်မာသီချင်းအပြင် နိုင်ငံခြားသီချင်းအပုဒ် ၂၀၀၀ ထည့်သွင်းထားပါတယ်။ ဖျော်ဖြေရေးအစီအစဉ်ကို ည ၁၁ နာရီမှ နံနက် ၇ နာရီအထိ ထုတ်လွှင့်ပြီး ပညာပေးကို နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်မှာဖြစ်ပါတယ်။

"Forever Group Co, Ltd မှ ဒါရိုက်တာ ဦးဝင်းမော်က MRTV- 4 ဖျော်ဖြေရေးအစီအစဉ်များထုတ်လွှင့်မှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရှင်းရှင်းလင်းလင်းဖတ်နိုင်

အဓိကပြောချင်တာကတော့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး ဆိုတဲ့ စီမံကိန်းကို အောင်မြင်အောင် ကျွန်တော်တို့ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မြို့ကြီးပြကြီးတွေမှာသာ ခံစားဖတ်ရှုနိုင်တဲ့ နေ့စဉ်ထုတ်သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို ထွက်ထွက်ချင်း နယ်မြို့ရော ကျေးလက်ပါမကျန် မြို့ကြီးများနဲ့တန်းတူ ဖတ်ရှုနိုင်တဲ့အစီအစဉ် ထည့်သွင်းထားပါတယ်။ အများအားဖြင့် နေ့စဉ်ထုတ်သတင်းစာတွေကို နေ့လယ်ပိုင်း၊ ညနေပိုင်းအထိ စောင့်စရာမလိုတော့ဘူး၊ သတင်းစာထွက်တာနဲ့ ချက်ချင်းအစောကြီး ဖတ်ရှုနိုင်ပါတယ်။ ဒီလိုပဲ နာမည်ကြီးဂျာနယ်၊ မဂ္ဂဇင်းတွေကိုလည်း ထွက်တာနဲ့ TV မျက်နှာပြင်ပေါ်မှာ လိုသလိုချဲ့ပြီး တစ်ရွက်စီ၊ တစ်ပုဒ်စီရှင်းရှင်းလင်းလင်း ဖတ်နိုင်အောင် စီစဉ်ထားပါတယ်။ ဒါကြောင့် သတင်းစာ၊ မဂ္ဂဇင်းမရတဲ့ဒုက္ခ၊ သွားဝယ်ရတဲ့ဒုက္ခက ကင်းဝေးသွားမှာဖြစ်ပါတယ်။

အသိပညာတိုးပွား

နောက်ပြီးတော့ အိမ်မှာနေရင်း စာသင်နိုင်အောင် ကွန်ပျူတာနဲ့ ဘာသာရပ်ဆိုင်ရာသင်ကြားရေး အစီအစဉ်တွေကိုလည်း ထည့်ထားပါတယ်။ စီးပွားရေးအသိပညာပေး၊ သိပ္ပံနဲ့ နည်းပညာ၊ ပြည်တွင်းခရီးသွားအစီအစဉ်၊ ကုန်ပစ္စည်းမိတ်ဆက်စတဲ့ ကဏ္ဍတွေလည်းပါဝင်မှာဖြစ်လို့ အိမ်မှာနေရင်း အသိပညာဗဟုသုတတိုးပွားစေမှာ ဖြစ်ပါတယ်။

အစီအစဉ်တွေကို ချိတ်ဆက်ဖမ်းယူနိုင်ဖို့ ရှစ်ပေစလောင်းနဲ့ MMBox ပဲ လိုပါတယ်။ MMBoxကို တောရော မြို့ပါ သုံးစွဲနိုင်စေဖို့ AC 100V-240Vအပြင် 12V DCစနစ်နဲ့ပါ ချိတ်ဆက်နိုင်အောင် စီစဉ်ထားပါတယ်။

Myanmar Media Boxခေါ် MMBoxမှာ စွမ်းရည်များစွာ ပါဝင်ပါတယ်။ MMBox ဆိုတာ အီလက်ထရွန်နစ် အိမ်သုံးလျှပ်စစ်ပစ္စည်းတစ်ခုပါ။ ကွန်ပျူတာစနစ်ပေါ် အခြေခံတည်ဆောက်ထားပြီး အသုံးပြုသူရဲ့ လိုအပ်ချက်တွေကို မြန်မာဘာသာနဲ့ ဖော်ပြထားတဲ့ Menu ကတစ်ဆင့် Remote Control ကို အသုံးပြုပြီး အလွယ်တကူခိုင်းစေနိုင်တဲ့စနစ် ဖြစ်ပါတယ်။

စွမ်းဆောင်ရည်ငါးမျိုး

MMBox ကို စွမ်းဆောင်ရည် ငါးမျိုးမှာ အသုံးပြုနိုင်ပါတယ်။ အဲဒါတွေက Satellite Data Braodcast Receiver, Digital Satellite Receiver with PVR& Time Shifting, Rich Media Decoder/Viewer, DVD/VCD/CD Player with Karaoke Function, Multimedia Personal Computer တို့ ဖြစ်ပါတယ်။

ဒီစနစ်တွေကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်နေတဲ့ အစီအစဉ်များနဲ့ ထပ်မံတိုးချဲ့ထုတ်လွှင့်မယ့် အစီအစဉ်တွေအပြင် မြဝတီရုပ်သံလိုင်းအပါအဝင် အခြားဂြိုဟ်တုတွေက ထုတ်လွှင့်နေတဲ့ အစီအစဉ်တွေကိုပါ MMBox က ဖမ်းယူနိုင်ပါတယ်။

MMBoxကိုKeyboardနဲ့ Mouseဖြည့်စွက်တပ်ဆင်ရုံနဲ့ P-4အဆင့်နဲ့ ညီမျှတဲ့ ကွန်ပျူတာတစ်လုံးလို သုံးစွဲနိုင်ပါတယ်။

အားပေးမည်ယုံကြည်

ဒီ MMBox ကလေးတစ်လုံးရှိရုံနဲ့ ရုပ်ရှင်လည်းကြည့်နိုင်တယ်၊ သီချင်းလည်း ဆိုနိုင်တယ်၊ City FM လည်း နားထောင်နိုင်တယ်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာလည်းဖတ်နိုင်တယ်။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းအများကြီး သက်သာပါတယ်၊ မြန်မာ့ရုပ်မြင်သံကြားကို MRTV-4 အတွက် ပေးရတဲ့ နှစ်စဉ်ကြေး သုံးသောင်းက ဒါတွေနဲ့တင် တန်နေပါပြီ၊ အသိပညာဗဟုသုတ တိုးပွားစေနိုင်တဲ့ ပညာပေးအစီအစဉ်တွေဆိုရင် တန်ဖိုးဖြတ်လို့တောင် မရနိုင်ပါဘူး၊ ပြည်သူလူထုအတွင်း တောရောမြို့ပါမကျန် အသိပညာ ဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်လို့ ပြည်သူအားလုံး အားပေးကြည့်ရှုမယ်လို့ ယုံကြည်ပါတယ်။ MMBox ကို အမှတ် ၃၇၉၊ ၃၈၃ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ MMBox Show Room မှာ ဝယ်ယူရရှိနိုင်ပါတယ်"ဟု ဦးဝင်းမော်က မြန်မာ့အလင်းသို့ အကျယ်တဝင့်ရှင်းလင်းပြောကြားလိုက်သည်။ ။

(မြန်မာ့အလင်း)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသော အသင်း၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား ဂုဏ်ပြုပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၉ရက်က ၁လမ်း၊ ဗဟန်းမြို့နယ် မဟာအောင်မြေ ဘုံစံကျောင်းတိုက်တွင် ကျင်းပသည်။ **(ဝဲအပေါ်ပုံ)**

တက်ရောက်

အခမ်းအနားတွင် အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ သီဟသုဓမ္မသီင်္ဂီဒေါ်အေးအေးကြည်၊ သီဟသုဓမ္မသီင်္ဂီဒေါ်ခင်သန်းမြင့်၊ သုဓမ္မသီင်္ဂီ ဒေါ်ခင်စော၊ စီမံထူးချွန်ဆု(တတိယဆင့်) ဒေါ်ခင်ညိုဝင်း (မန်နေဂျာ) ကြေးမုံသတင်းစာတိုက်၊ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

သီဆိုဂုဏ်ပြု

ရှေးဦးစွာ ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်အား ဂုဏ်ပြုပူဇော်သည့်ရတုပိုဒ်စုံကို ဒေါ်သန်းသန်းက သီဆိုဂုဏ်ပြုသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဆရာတော်ထံမှ ရေစက်ချတရားနာယူကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်းဥက္ကဋ္ဌက ဂုဏ်ပြုခံပုဂ္ဂိုလ်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပြီး ထိန်းချုပ်နိုင်ခဲ့

ရန်ကုန် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော" Tobacco Control and Proverty Alleviation" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel **ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ "ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ၊ လူမှုဘဝချမ်းသာရ"ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်ကို အထောက်အကူပြုသည့် အနေဖြင့် မြန်မာနိုင်ငံအတွင်း ဆေးလိပ်ဆေးရွက် သောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှု ပပျောက်ရေးဆက်နွှယ်မှုဆိုင်ရာသုတေသနတစ်ရပ်ကိုပြုလုပ်ခဲ့ရာ ယခုဆွေးနွေးပွဲမှာ အဆိုပါသုတေသနမှ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ် ဆေးရွက်ကြီး တိုက်ဖျက်ရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး ဆေးလိပ်ဆေးရွက်ကြီးကို ထိန်းချုပ်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (Framework Convention on Tobacco Control)တွင် ၂၀၀၃ခုနှစ် အောက်တိုဘာလက လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အဆိုပါကွန်ဗင်းရှင်းကို အတည်ပြုသော ၁၁ နိုင်ငံမြောက် နိုင်ငံဖြစ်သဖြင့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု လျော့ကျရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borraက အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ကျွမ်းကျင်သူပညာရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် နီးနွှယ်သောဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မေ ၂ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်အနီးရှိ အောင်ဇေယျုံတောရကျောင်း ဦးစီးပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတက သက်တော်(၉၈)နှစ်ပြည့် ရာပြည့်မွေးနေ့ အကြိုအဖြစ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်လွင် လက်ခံရယူစဉ်။

(က-ပ)

ခနောင်တို အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တို အထက်တန်းကျောင်း၏ (၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁၆ ရက် မွန်းတည့်၁၂ နာရီတွင် ကျောင်းခန်းမ၌ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲ အခမ်းအနားသို့ အသက် (၆၀)နှင့်အထက် ဆရာဆရာမကြီးများနှင့် ဆရာဆရာမများ တက်ရောက်ကြရန်နှင့် ကျောင်းသားကျောင်းသူများ ဒေါ်ကျင်စာရီ ဖုန်း-၂၂၃၃၆၆၊ ဒေါ်ဝင်းမြင့် ဖုန်း-၇၂၇၇၂၉၊ ဒေါ်သီတာမြင့် ဖုန်း-၂၂၉၇၈၄၊ ဦးကျော်စွာ ဖုန်း-၇၀၈၆၈၁ တို့သို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ချစ်လူမိုက် ဇာတ်ကားသစ် အပြိုင်ရုံဝင်လာ လာမည့်သောကြာ ဘာအရေးကြီးဆုံးလဲ ရုံတင်မည်

ရန်ကုန် မေ ၁၃

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်သည့် **'ချစ်လူမိုက်'** ဇာတ်ကားသစ် သမ္မတနှင့်သွင် အဆင့်မြင့်ရုံများတွင် အပြိုင်ရုံဝင်လာသည်။

ကိုကိုကျော်၊ ညီဇော်တို့ ညီအစ်ကိုနှင့် သစ္စာမြင့်မိုရ်တို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတွင် ချစ်လူမိုက်ဖြစ်သွားရရှာသော လူတစ်ယောက်အကြောင်း ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

ချစ်လူမိုက် တွင် ကိုကိုကျော်အဖြစ် လွင်မိုး၊ ညီဇော်အဖြစ် ရာဇာနေဝင်း၊ သစ္စာမြင့်မိုရ်အဖြစ် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဆာမူရိုင်း

မင်္ဂလာအဆင့်မြင့်ရုံတွင်ဒါရိုက်တာ Edward °°Zwickရိုက်ကူးတင်ဆက်သည့်The Last Samuraiဇာတ်ကား ဆက်လက် ပြသနေသည်။

ကာရန်အလွဲ

မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးတင်ဆက်သည့် **'ကာရန်အလွဲ'** ဇာတ်ကားမှာရွှေဆောင်၊ နေပြည်တော်နှင့် နဝဒေး ရုံများတွင် ဆက်လက် ပြသလျက် ရှိသည်။

ရုပ်ရှင် သတင်းထောက်

လာမည့် သောကြာနေ့တွင် ရုံဝင်လာမည့် ဘာအရေးကြီးဆုံးလဲ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။



The°Last Samurai ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း

ကာရန်အလွဲတွင် ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

ကာရန်အလွဲ ဇာတ်ကားမှ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်။

ဘာအရေးကြီးဆုံးလဲ

ရန်ကုန် မေ ၁၃

သရုပ်ဆောင် ဒါရိုက်တာ ဇာဂနာရိုက်ကူးပြီး ကျော်သူ၊ လူမင်း၊ ဇာဂနာ၊ ဆုပန်ထွာတို့ ပါဝင် သရုပ်ဆောင်ထားသည့် **'ဘာအရေးကြီးဆုံးလဲ'** ဇာတ်ကားမှာ လာမည့်သောကြာနေ့ မေ ၂၁ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံးအားကစား တိုးတက်ရေးနှင့် အောင်နိုင်ရေးအတွက်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

❐ *ကျောဖုံးမှ*

ရေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် (ဒဂုံအင်တာ နေရှင်နယ်လီမိတက်)က သတင်းစာရှင်းလင်းပွဲပြုလုပ် ရခြင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

စိတ်အားထက်သန်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားရာတွင်"ယခုကဲ့သို့ သတင်းစာဆရာများကို ဖိတ်ကြားရခြင်းမှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားလို၍ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အမျိုးသားအားကစားနည်းဖြစ်သည့် ဘောလုံးအားကစားနည်း တိုးတက်သည်ထက် တိုးတက်လာသည်ကို ပြည်သူအားလုံးက စိတ်အားထက်သန်လျက်ရှိကြကြောင်း၊ ထိုသို့တိုးတက်အောင် လုပ်ဆောင်ရာ၌ ငွေကြေးခနေအင်အားအရလည်းကောင်း အားကစားသမားများရရှိရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်တွင်း ပြည်ပ အားပေးအထောက်အကူပြုမှု အနေအထားအရ လည်းကောင်း၊ အဘက်ဘက်မှ တိုးတက်လာမှသာ မြန်မာ့ဘောလုံးအားကစား တိုးတက်လာမည် ဖြစ်ကြောင်း၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဘက်ဘက်မှ တိုးတက်မှုရှိလာအောင်လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သစ်ဖွဲ့စည်းပြီးနောက် အမှုဆောင်အစည်းအဝေးကိုတစ်ပတ်တစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆွေးနွေးမှုအပိုင်း ပြည့်စုံသလောက် ရှိလာပြီး လက်တွေ့အကောင်အထည်ဖော်ရမည့်အပိုင်း ရောက်လာကြောင်း၊ ယခုအခါ အမှုဆောင်အစည်းအဝေးကို နှစ်ပတ်တစ်ကြိမ်သာ လုပ်ဆောင်နေကြောင်း၊ ယခင်ကလုပ်ငန်းကော်မတီ ကိုးခုဖွဲ့စည်းခဲ့ရာမှ ယခုအခါ ၁၃ ခုအထိတိုးချဲ့ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီ ၁၃ ခုအနက် လက်တွေ့ဆန်သည့် ကော်မတီရှိသလို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ဖွဲ့စည်းရသည့် ကော်မတီများ ရှိကြောင်း၊ ဥပမာ အယ်လ်ဂျီဖလား၊ တိုက်ဂါးဖလား၊ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲများ သွားရောက် ယှဉ်ပြိုင်ရန်အတွက် အောင်နိုင်ရေးကော်မတီများ ဖွဲ့စည်းရခြင်းများ ရှိကြောင်း၊ အဆိုပါ ကော်မတီများက အောင်မြင်မှုရရှိရေးအတွက် အနီးကပ်ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက်ပြီး လုပ်ဆောင် နေကြောင်း၊ လုပ်ငန်းများဆောင်ရွက်သည့် နေရာတွင် အများနည်းနိုင်သမျှ နည်းအောင် အများနှင့် စုပေါင်းဆွေးနွေး သည့်စနစ်ကိုကျင့်သုံးပြီး ဆုံးဖြတ်ချက်များချမှတ်ကြောင်း၊ အချို့ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုအချို့ ရှိသော်လည်း ယခုအခါ တဖြည်းဖြည်း မြန်ဆန်လာပြီ ဖြစ်ကြောင်း၊ လုပ်ငန်းများကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ပြီ ဖြစ်ကြောင်း။"

"မိမိတို့ဘောလုံးအဖွဲ့ချုပ်၏ မဟာဗျူဟာ၊ နည်းဗျူဟာကို တင်ပြခြင်းဖြစ်ကြောင်း၊မိမိတို့အဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်သည် အမျိုးသား လက်ရွေးစင်အသင်းကြီးများ (အမျိုးသားအသင်းရော၊ အမျိုးသမီးအသင်းပါ) အောင်မြင်မှုရရှိရေးပင် ဖြစ်ကြောင်း၊ သို့သော် အမျိုးသားအသင်းကြီး တစ်သင်းတည်းသာဖွဲ့စည်းပြီးလုပ်ဆောင်၍ မရကြောင်း၊ အစဉ်အမြဲ အောင်မြင်မှုရရှိရေးအတွက် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Youth Plan) ကို ချမှတ်လုပ်ဆောင်ပြီး လူငယ်အသင်းများ သက်တမ်းအလိုက် တိုးတက်ရေးကို ဆောင်ရွက်နေပါကြောင်း၊ ယခုအခါ ယူ-၁၇၊ ယူ-၁၈နှင့်လက်ရွေးစင်အသင်းကြီးအားလုံးကို ရေရှည်စခန်းသွင်း လေ့ကျင့်သည့်စနစ်မှသည် ပြိုင်ပွဲနီးမှ စခန်းသွင်းသည့်စနစ်ကို အောင်မြင်မြင်ပြောင်းလဲကျင့်သုံးနေပါကြောင်း၊ သို့မှသာ အားကစားသမားများအနေဖြင့် အမြဲတမ်း တက်ကြွနေပြီး အမြဲတမ်းကြိုးစားလိုစိတ် ရှိနေမှာ ဖြစ်ကြောင်း၊ ယခုလို ဆုံးဖြတ်ရခြင်းမှာ မိမိတစ်ဦးတည်း၏ သဘောထားမဟုတ်ဘဲ ဘောလုံးအားကစား၌ အစဉ်အလာရှိသည့် ပုဂ္ဂိုလ်များနှင့် တိုင်ပင်ပြီး သက်ဆိုင်သည့်ကော်မတီနှင့် ဆွေးနွေးပြီးမှ အမှုဆောင်အဖွဲ့ကို တင်ပြကြောင်း၊ ထိုသို့ ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရေရှည်မဟာဗျူဟာကို ချမှတ်ကြောင်း၊ အချိန်မီဆောင်ရွက်ရမည့် လုပ်ငန်းများကို မိမိကိုယ်တိုင် အောက်ခြေဆင်း၍ဆုံးဖြတ်လုပ်ဆောင်ပေးကြောင်း၊ ယခုလို မိမိလုပ်ကိုင်ဆောင်ရွက်နေနိုင်ခြင်းသည် အမှုဆောင်များ၏ ပူးပေါင်းကူညီမှုကြောင့်ဖြစ်သည်ဟု ပြောလိုကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လုပ်ဆောင်မှုများနှင့် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အကြံပေးရေးသားကြသည့် မီဒီယာများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိအနေဖြင့် သတင်းစာနှင့် ဂျာနယ်များ၌ ပါရှိသည့် ပြည်တွင်းဘောလုံးပွဲ သတင်းများကို နေ့စဉ် အလေးထား ဖတ်ရှုလျက်ရှိပါကြောင်း၊ အားကစား ဂျာနယ်များအနေဖြင့် မှန်ကန်သည့် သတင်းများကို ပိုမိုဖော်ပြနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မီဒီယာများက သိလိုသည့် အချက်များကို ပွင့်ပွင့်လင်းလင်း ပြောကြားနိုင်အောင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။"

"နောင်လာမည့် ဘောလုံးပြိုင်ပွဲများအတွက် ပွဲစဉ်များကိုရေးဆွဲရာ၌ နိုင်ငံတကာပြိုင်ပွဲများနှင့် အချိန်ကိုက်ညီမှုရှိရန် စီစဉ်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အားကစားသမားများကို အာဟာရကျွေးမွေးသည့်ကိစ္စကို ပြောကြားလိုကြောင်း၊ယခင်က လူငယ်လက်ရွေးစင်များကိုတစ်နေ့ ငွေကျပ်၁၀၀၀ ဖိုး(လေးနပ်)ကျွေးကြောင်း၊ ယခုဆိုလျှင် တစ်နေ့ငွေကျပ် ၁၅၀၀ ဖိုး (ငါးနပ်)ကျွေးပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် မြန်မာဘောလုံးအသင်းများအတွက် နည်းစနစ်ဒါရိုက်တာကို နိုင်ငံခြားမှ ခေါ်ယူရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ယခုငှားရမ်းမည့် နည်းစနစ်ဒါရိုက်တာသည် နည်းပြဆိုလျှင်လည်း မမှားကြောင်း၊ အာရှတိုက်အတွင်း နိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း၊ လောလောဆယ် နည်းပြရှာဖွေနေဆဲဖြစ်၍ မည်သူမည်ဝါဖြစ်သည်ကို မပြောနိုင်သေးကြောင်း၊ နိုင်ငံခြားနည်းပြက ကြီးကြပ်ပြီး ပြည်တွင်းနည်းပြများနှင့်အတူ ဘောလုံးတိုးတက်ရေးအတွက် ပြုပြင်ရမည့် အချက်များကိုစီမံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခု လုပ်ဆောင်နေခြင်းမှာ မိမိတာဝန်ယူနေသည့်ကာတစ်ခု၊ အချိန်ပိုင်းတစ်ခုအတွက်သာ လုပ်ဆောင်နေခြင်းမဟုတ်ဘဲ ရေရှည်အတွက် မဟာဗျူဟာချမှတ်နေခြင်းဖြစ်ကြောင်း၊လက်ရွေးစင်အားကစားသမားများကိုကလပ်အသင်းများသို့ ပြန်လည်စေလွှတ်ခြင်းမှာ အဖွဲ့ချုပ်မှ မကျွေးမွေးလို၍၊ တာဝန်မယူလို၍ မဟုတ်ကြောင်း၊ ကလပ်အသင်းကို ပြန်ပို့ခြင်းဖြင့် မိခင်အသင်းအပေါ်၌ အသင်းစိတ်ဓာတ်ရှိလာပြီး အသင်းလိုက်ကစားကွက် ပိုကောင်းလာမည်ဖြစ်ကြောင်း၊ လက်ရွေးစင်ကစားသမားဖြစ်၍ အသင်းအနိုင်ရရှိရေးအတွက် အကောင်းဆုံးဖြစ်အောင် ကစားမည်ဆိုသည့် ခံယူချက်ဝင်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ကြိုးစားမှုသာ လက်ရွေးစင်ဆက်ဖြစ်မည်ဟု သဘောပေါက်မှာဖြစ်ကြောင်း၊ လက်ရွေးစင်မဖြစ်သေးသူများကလည်း ကြိုးစားလျှင် လက်ရွေးစင်ဖြစ်နိုင်သည့် မျှော်လင့်ချက်ရှိမှာဖြစ်ကြောင်း၊ ကလပ်အသင်းများကလည်း အားကစားသမားများကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်စေလိုကြောင်း။"

ကူညီမည်

"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မပြည့်စုံသော ကလပ်အသင်းများကို ကူညီမည့်အစီအစဉ်များရှိကြောင်း၊ ရှေ့နှစ် ဘောလုံးရာသီ၌ ကလပ်အသင်းများကို ထိုက်သင့်သလောက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ မပြည့်စုံသည့်ကလပ်၊ ပြည့်စုံသည့်ကလပ်ဟူ၍ မခွဲခြားကြောင်း၊ ပြည့်စုံသည့်အသင်းကိုပဲ အာရုံစိုက်ပြီး မပြည့်စုံသည့်ကလပ်ကို ပစ်ထားတာမျိုးမရှိကြောင်း၊ အဖွဲ့ချုပ်၏ရေရှည်ဆောင်ရွက်မှုထဲ၌ သက်တမ်းအလိုက် ပြိုင်ပွဲများတွင် အသက်မှန်ကန်မှုရှိရေးကို အဓိကဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ချက်ချင်းလက်ငင်းဖြစ်နိုင်ဦးမည်မဟုတ်ကြောင်း၊သက်တမ်းအလိုက်ပြိုင်ပွဲများ၌ လူငယ်လက်ရွေးစင်ဘဝ၌ အသက်မှန်ကန်မှသာ လက်ရွေးစင်ဖြစ်လာလျှင် လက်ရွေးစင်သက်ရှည်မည်ဖြစ်ကြောင်း၊ လက်ရွေးစင်သက်ရှည်မှသာ နောက်မျိုးဆက်ကို ပြင်ဆင်ချိန်ရမှာ ဖြစ်ကြောင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဆင့်မြင့်တန်းကလပ်အသင်းများနှင့် ညှိနှိုင်းနေကြောင်း၊ ကလပ်အသင်းများအနေဖြင့် အသက် ၁၈နှစ်အောက် လူငယ်အသင်းများ ဖွဲ့စည်းထူထောင်ပေးရန် ကြိုးစားနေကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဘောလုံးအကယ်ဒမီ ထူထောင်ရန် အစီအစဉ်ရှိကြောင်း၊ အေအက်ဖ်စီထံမှ အကူအညီတောင်းခံပြီး ထောက်ပံ့မှုရလျှင် ပိုကောင်းမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုမရလျှင်လည်း မဖြစ်မနေ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အားကစားကလောင်ရှင်များအနေဖြင့် အကြံပြုစရာများရှိပါက ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက်တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် အမှုဆောင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည်ဘောလုံးအားကစားတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီ ၁၃ ခုဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းကော်မတီများမှာ နည်းစနစ်ကော်မတီ၊ဒိုင်ရေးရာကော်မတီ၊ အားကစားသမားရွေးချယ်ရေးကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဆေးဘက်ဆိုင်ရာကော်မတီ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဗဟိုအစားအသောက် ကြီးကြပ်ရေးကော်မတီ၊ အမျိုးသမီးဘောလုံးရေးရာကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီ၊ အဖွဲ့ချုပ်နှင့် ကလပ်အသင်းများ အုပ်ချုပ်ရေးကော်မတီနှင့်လူငယ်အားကစားသမားများ ပြုစုပျိုးထောင်ရေးကော်မတီတို့ ဖြစ်ကြသည်။

ပါဝင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၄ခုနှစ်အတွင်း၌ နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် ပြိုင်ပွဲအမျိုးအစားသုံးမျိုး၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။အဆိုပါပြိုင်ပွဲများမှာ ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၂၀ရက်မှ ၂၈ရက်အထိ ကျင်းပမည့်အယ်လ်ဂျီ (L.G) ဖလား အမျိုးသားအကြီးတန်းဘောလုံးပြိုင်ပွဲ၊ ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁၈ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည့် အေအက်ဖ်အက်ဖ် အမျိုးသမီး အကြီးတန်းဘောလုံးပြိုင်ပွဲနှင့် မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့၌ ဒီဇင်ဘာ ၇ရက်မှ ၁၆ရက်အထိကျင်းပမည့် တိုက်ဂါးဖလား (Tiger˚Cup) အမျိုးသား အကြီးတန်း ဘောလုံးပြိုင်ပွဲတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်သည် အာရှဘောလုံးအဖွဲ့ချုပ်အမှုဆောင် အစည်းအဝေးကိုမေ ၆ရက်က တက်ရောက်ခဲ့ပြီး မေ ၈ ရက်ညပိုင်း၌ အာရှဘောလုံးအဖွဲ့ချုပ်တည်ထောင်မှု နှစ်(၅၀)ပြည့် အခမ်းအနား၌ မူလတည်ထောင်ရာ၌ ပါဝင်သောနိုင်ငံ (Asia Founder Mumber) ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံ ပါဝင်သဖြင့် အမှတ်တရ ဆုတံဆိပ်ချီးမြှင့်ပေးအပ်ရာ လက်ခံရယူခဲ့ကြောင်း သိရသည်။

အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုအခါအမှုဆောင် ၃၅ ဦးဖြင့် ဖွဲ့စည်းကာ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်သစ်များသည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အားတက်ဖွယ် မြင်တွေ့ရပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅	၇။	ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
၈း၂၀	၈။	ဒါးကတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၄၀	၈။	တေးဂီတအစီအစဉ်
၁၇း၅၀	၉။	လက်ဆင့်ကမ်းပေးဂီတတေး
၁၈း၀၀	၁၀။	ရှမ်းပြည်နယ် (အရှေ့ပိုင်း) နမ့်မွေတံတား
၁၈း၁၀	၁၁။	တေးဂီတအစီအစဉ်
၁၈း၂၀	၁၂။	Discovery
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း-၂၂)
၁၉း၃၀	၁၆။	နှောင်းခေတ်တေးပဒေသာ
၁၉း၄၀	၁၇။	ကယားရိုးရာ ဝတ်စားဆင်ယင်မှု
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"လေးလေးချစ်ရဲ့ချစ်ချစ်လေး"(အပိုင်း-၂)** (လွင်မိုး-ခိုင်သင်းကြည်) (ဒါရိုက်တာ-ခင်စောမျိုး)

ခိုင်ခိုင်မော် နှင့် အတူ အမှတ် တရ

မေ ၁၁ ရက်က ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုများ ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပရာ ဆုပေးပွဲ အခမ်းအနားအပြီး၌၂၀၀၃ ခုနှစ် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရှင် ခိုင်ခိုင်မော်(ဂူရှူး)နှင့်အတူ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူ၊ အတွင်းရေးမှူး ဦးထွန်းမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးချိုတူးတို့အား အမှတ်တရတွေ့ရစဉ်။

(မြန်မာ့အလင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်း ဆောမြို့နယ် ဆော-ကျောက်ထု-ဂန့်ဂေါ လမ်းပေါ်ရှိ ကြီးချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဆောက်လုပ်ရေး)

✡ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကား ပြောကြားရာ၌ မကွေးတိုင်းအတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ ဖောက်လုပ်ပေးနေသည့် လမ်းပန်း ဆက်သွယ်မှုအခြေအနေကို ကြည့်လျှင် ၁၉၈၈ ခုနှစ်၌ ကတ္တရာလမ်း ၅၀၃ မိုင်၊ ခွဲကျောက်လမ်း ၉၅ မိုင်၊ အမာခံလမ်း ၅၄၃ မိုင်နှင့် မြေလမ်း ၁၆၇ မိုင်၊ စုစုပေါင်း ၁၃၀၈ မိုင်သာ ရှိခဲ့ရာမှ ယနေ့တွင် ကတ္တရာလမ်း ၉၅၄ ဒသမ ၆ မိုင်၊ ခွဲကျောက်လမ်း ၂၃၅ ဒသမ ၂မိုင်၊ အမာခံလမ်း ၃၄၉ ဒသမ ၃မိုင်နှင့် မြေလမ်း၁၆၀ ဒသမ ၁မိုင် စုစုပေါင်း ၁၆၉၉ ဒသမ ၆ မိုင် ရှိလာပြီးဖြစ်သည့်အတွက် ၃၉၁ ဒသမ ၆ မိုင် တိုးတက် ဖောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ထို့ပြင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၀ စင်းကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် ကြီးချောင်းတံတားသည်ပေ ၆၀ ဘေလီနှစ်ခန်း အပါအဝင် ပေ ၂၀ သစ်သားတိုင်စင် ရှစ်ခန်း စုစုပေါင်း ပေ ၂၈၀ ရှည်ကြောင်း၊ ၎င်းတံတားကြီးကို ၁-၇-၂၀၀၃ ရက်တွင် စတင် တည်ဆောက်ခဲ့ပြီး ခုနစ်လဖြင့်ပြီးစီးအောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကျပ်သိန်း ၄၅၀ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

သွားလာမှုလွယ်ကူ

နိုင်ငံတော်၏ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနက မကွေးတိုင်း အပါအဝင် ပြည်နယ်၊တိုင်းအားလုံး၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ စေရေးရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်နှင့် အမျှ ဒေသတွင်းစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပိုင်းများ၊ တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မကွေးတိုင်းအတွင်းသာမက အခြား ပြည်နယ်၊တိုင်းများ ပါမကျန် ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်းဖြစ်လာအောင်၊ တိုင်းရင်းသားအချင်းချင်းအထိအတွေ့ ပိုမိုများပြားလာအောင် လိုအပ်သည့် လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့ဖျား၊ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျားပါမကျန် ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားလာမှု လွယ်ကူ နေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ၎င်းတံတားကြီး အချိန်တိုကာလအတွင်း ပြီးစီးပြီး မြန်မြန်အသုံးပြုနိုင်ရန် ဒေသအာဏာပိုင်အဖွဲ့နှင့် ဆက်သွယ်နေသည့် ဌာနများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသလို ၎င်းတံတားကြီး ရေရှည်အသုံးပြုသွားနိုင်အောင်လည်း ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးသွားကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကြီးချောင်းတံတားသည် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ-ထီးလင်း-ဆော ဆက်သွယ်သော အဓိက လမ်းမကြီးတွင် နောက်ဆုံး ဆောက်လုပ်ရန်ကျန်သောတံတားဖြစ်ကြောင်း။

ကျောက်ထု-ဆောလမ်းမပေါ်တွင် ပေ ၄၄၀ ရှည်သည့် ချည်ချောင်းတံတားနှင့် ပေ ၃၈၀ ရှည်သည့် ကျောက်စစ်ချောင်းတံတားကို ၉-၉-၂၀၀၂ ရက်တွင်လည်းကောင်း၊ ပေ ၄၄၀ ရှည်သည့် ဂုံဘိုချောင်းကူး တံတားကို ၈-၅-၂၀၀၃ ရက်တွင် လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ကျောက်ထု-ဆောလမ်းပေါ်တွင် ပေ ၂၄၀ ရှည်သည့် အညာကတင်းချောင်းတံတားနှင့် ပခုက္ကူ-ပေါက်-ထီးလင်း- ဂန့်ဂေါလမ်းပေါ်တွင် ပေ ၁၈၀ ရှည်သည့် တပြင်းချောင်းကူး သံကူကွန် ကရစ်တံတားကိုလည်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဂန့်ဂေါ-ကလေးလမ်းပေါ်မှာ အရှည် ၄၈၀ ပေရှည် ရှိသည့် တော်ဝင်တံတားကြီးကိုလည်း ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မှာ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ကြီးချောင်းတံတားဖွင့်ပွဲ ကျင်းပမည့် မုခ်ဦးသို့ သွားရောက်ကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ကြီးချောင်း တံတားကို ဖွင့်လှစ်ပေးကြသည်။

ကြီးချောင်းတံတားကို အောက်ခြေသစ်သား ပိုင်တိုင်များနှင့် အပေါ်ထည်ကို ဘေလီသံပေါင်နှင့် သစ်သားတို့ ပေါင်းစပ်ပြီး တည်ဆောက်ထားသည်။ ကြီးချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတားအထူးအဖွဲ့(၁၃)က တာဝန်ယူဆောက်လုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂ ရက်က လောက်ကိုင်မြို့မှ စိုးဝင်းထွန်း(ခ) ရန်ကျင်းဖူးအား ဘိန်းဖြူ ၅ ဒသမ ၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၈၀ တို့နှင့် အတူ ဖမ်းမိစဉ်။ (သတင်းစဉ်)

လောက်ကိုင်၌ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ရန်ကုန် မေ ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) (ကိုးကန့်)မှ အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်တွင် လောက်ကိုင်မြို့ အရှေ့ခြမ်း မြို့သစ်နေ ဦးသိန်းမောင်၏ သား စိုးမင်းထွန်း (ခ) ရန်ကျင်းဖူး၏ နေအိမ်ကို သတင်းအရ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ အိမ်ရှင် စိုးမင်းထွန်းအား ဘိန်းဖြူ ၅ ဒသမ ၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၈၀၊ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသည့် ချိန်ခွင်နှစ်ခု၊ အလေးနှစ်ခု၊ ငွေပြား ၁၆ ပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မတ်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၅၄ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မေ ၁၃

၂၀၀၄ ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၄ မှု ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၃၉မှု (အလေးချိန် ၁၄ဒသမ ၃၄၂၂ ကီလို)၊ဘိန်းဖြူ ၇၃ မှု (အလေးချိန် ၄ဒသမ၇၀၇၃ ကီလို)၊ ဘိန်းညို အလေးချိန် ဒသမ ၀၁၅ကီလို၊ ဘိန်းဆီနှစ်မှု (အလေးချိန် ၁ဒသမ ၀၁၆၆ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၅ မှု (အလေးချိန် ၁၂ ဒသမ ၆၈၅၂ ကီလို)၊ ဆေးခြောက်၁၇ မှု (အလေးချိန် ၁၇ဒသမ၇၇၅၇ ကီလို) ဖင်ဆီဒိုင်းနှစ်မှု (ပမာဏရှစ်လစ်တာ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ မှု (၄၃၂၂၅ ပြား)၊ အက်ဖီဒရင်း အလေးချိန် ဒသမ ၀၀၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်နှစ်မှု (ပမာဏ ဒသမ ၃၇ လစ်တာ)၊ ဘိန်းစာမှုန့်သုံးမှု (အလေးချိန် ၉ဒသမ ၁၀၉၇ ကီလို)၊ ဒိုင်ယာဇီပမ် ဆေးပြားတစ်ပြား၊ ဖြူပရိနော်ဖင်း ထိုးဆေးတစ်မှု (ပုလင်း ၂၀၀)၊ မှတ်ပုံတင်ပျက် ၁၃ မှု၊ အခြားအမှု ၂၀ ဖမ်းဆီးရမိခဲ့သည်။

၂၀၀၄ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၄ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၅၆ဦး၊ တရားခံ အမျိုးသမီး ၆၄ ဦး စုစုပေါင်း တရားခံ ၃၂၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိန်းစိမ်း ၁၈၆ ဒသမ ၁၇၈ ကီလိုလွိုင်လင်၌ဖမ်းမိ

ရန်ကုန် မေ ၁၃

နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက်တွင် လွိုင်လင်မြို့မှ တောင်ကြီးမြို့သို့အထွက် ကားဂိတ်၌ လွိုင်လင်မှ တောင်ကြီးသို့ ထွက်ခွာလာသည့် တောင်ကြီးမြို့ ဘုရားဖြူရပ် ကိုယ်ပိုင်လမ်းနေ ဦးဝင်းစိန်၏သား မြင့်သိန်းမောင်နှင်လာသော နီဆန်းအမျိုးအစား ၁၀ ဘီး ကုန်တင်ယာဉ်အမှတ်(၁ခ/၄၂၈၂)ကို သတင်းအရ ရပ်တန့်ရှာဖွေ စစ်ဆေးခဲ့ရာ ယာဉ်မောင်းမြင့်သိန်းအား ယာဉ်ပေါ်တွင် ပြောင်းဆံအိတ်၊ မီးသွေးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဘိန်းစိမ်း ၁၂၀ ထုပ်၊ စုစုပေါင်း အလေးချိန် ၁၈၆ ဒသမ ၁၇၈ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အထည်ချုပ်စက်ရုံအတွက် အမျိုးသမီး စက်ချုပ်ကျွမ်းကျင်သူများအမြန်အလိုရှိသည်။

စက်ရုံသုံးမော်တာစက်အမျိုးမျိုးကို ကျွမ်းကျင်စွာချုပ်လုပ်နိုင်သူဖြစ်ရမည်။

အတွင်းခံချုပ်အထည်ချုပ်စက်ရုံကြီးများတွင် လုပ်ကိုင်ဖူးသည့် လုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

လျှောက်ထားသူများသည် မိမိတို့၏လျှောက်လွှာနှင့်အတူ ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူပူးတွဲ တင်ပြရမည်။ သတင်းစာတွင်ဖော်ပြသည့်ရက်မှ နှစ်ပတ်အတွင်းလျှောက်ထားရန်။

ဆက်သွယ်ရန်လိပ်စာ-၁၃၇(ခ)၊ သုဓမ္မာလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၅၀၁၃၃၊ ၆၅၁၄၁၃

ကန်ထရိုက်တာ ဦးနေဝင်း(ကမ္ဘာကျော်ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)နှင့်

အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-စီဂျီ)၊ လူနေရပ်ကွက်အမှတ်-၇/၉၊ မြေကွက်အမှတ် (၇၆၁/၇၆၂)(ပေ ၄၀(X) ပေ ၄၀)ရှိနှစ်၆၀ ဂရန်မြေကွက်ပေါ်တွင် တစ်ခန်းလျှင် (ပေ ၂၀ X ပေ၄၀)ရှိသောနှစ်ခန်းတွဲ ခြောက်ထပ်၊ အာရ်စီအဆောက်အအုံဆောက်လုပ်ရန်၊ ကန်ထရိုက်တာဦးနေဝင်း(ကမ္ဘာကျော်ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး ၁၂/မဂတ(နိုင်)၀၀၀၁၈၈)နှင့်မြေပိုင်ရှင်ဦးဝင်းဖေ(ဗွီ/အာရ်ဂျီအင်န်-၀၀၇၈၈၄)တို့သည်နှစ်ဦးသဘောတူကတိစာချုပ်ကို ၂၀-၁၂-၂၀၀၂ ရက်တွင်ချုပ်ဆိုခဲ့ကြပါသည်။ ကန်ထရိုက်တာဦးနေဝင်းသည် အဆောက်အအုံအားပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်းမရှိဘဲ၊ အဆောက်အအုံအား တစ်ပိုင်းတစ်စဖြင့်ထားလျက် ရှောင်တိမ်းသွားခဲ့သောကြောင့် မြေပိုင်ရှင်ဦးဝင်းဖေမှအဆောက်အအုံအား လူနေထိုင်ရန်အသင့်ဖြစ်သည့်အထိ ငွေကြေးမြောက်မြားစွာအကုန်အကျခံလျက်ဆက်လက်ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးနေဝင်းနှင့်ချုပ်ဆိုထားသော နှစ်ဦးသဘောတူကတိစာချုပ်မှာပျက်ပြယ်သွားပြီးဖြစ်ပါကြောင်းနှင့်ကန်ထရိုက်တာဦးနေဝင်းနှင့်ပတ်သက်ပြီး တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုထားသောစာချုပ်စာတမ်းများရှိပါကလည်း မြေပိုင်ရှင်တွင်မည်သို့မျှတာဝန်ရှိမည်မဟုတ်ပါကြောင်းနှင့်ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်မှုပြုပါရန်အသိပေးအပ်ပါသည်။ သို့မဟုတ်ပါကဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန်ထရိုက်တာဦးနေဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်တင်

တရားရုံးချုပ်ရှေ့နေ(စဉ်-၃၅၈၅) ဥပဒေတွဲ

စစ်တုရင်အမြှောညီအစ်မ မေဆုလွင်နှင့် မေဆက်လွင် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲအတွက် ပဏာမရွေးချယ်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် သက်တမ်းအလိုက် အသက် (၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀)နှစ်အောက် အမျိုးသား ၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုပေးပွဲများကို မေ ၇ရက် ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ ထူးထူးခြားခြား ပဲခူးဒီဂရီကောလိပ်မှ ဂုဏ်ထူးတန်းတက်နေသူ အမြှောညီအစ်မ မေဆုလွင်နှင့်မေဆက်လွင်တို့ နှစ်ဦးစလုံး ပဏာမလက်ရွေးစင် ရွေးချယ်ခြင်းခံရခြင်းပင် ဖြစ်သည်။ အစ်မဖြစ်သူ မေဆုလွင်သည် လက်ရွေးစင်ဟောင်း ဇင်မာမင်းသန်း (မြို့တော်စည်ပင်)ကိုသာ ရှုံးပြီး လက်ရွေးစင်ဟောင်းများဖြစ်သည့် မြို့တော် စည်ပင်မှ တင်လေးရွှေ၊ သန္တာအေးဝင်း၊ နန်းအမ်ကေခိုင်လျှမ်းနှင့် ကျန်ပြိုင်ဘက် များကို ကျော်ဖြတ်အနိုင်ယူ၍ ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံးခြောက်မှတ်ဖြင့် ပထမဒိုင်းဆုကြီးကို ဆွတ်ခူးသွားသည်။ ဒုတိယဇင်မာမင်းသန်း (မြို့တော်စည်ပင်)၊ တတိယ သန္တာအေးဝင်း (မြို့တော်စည်ပင်)၊ စတုတ္ထ တင်လေးရွှေ (မြို့တော်စည်ပင်)၊ ပဥ္စမ မြတ်သီရိအောင်ကျော်(မန္တလေးတိုင်း)၊ ဆဋ္ဌမ နန်းအမ်ကေခိုင်လျှမ်း (မန္တလေးတိုင်း)နှင့် သတ္တမ မေဆက်လွင် (ပဲခူး ဒီဂရီကောလိပ်)တို့ရရှိကြပြီး ၎င်းတို့ခုနစ်ဦးစလုံး ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမရွေးချယ်ခြင်းခံရပြီး စခန်းဝင်လေ့ကျင့်ကြမည် ဖြစ်သည်။

ရှုံးပွဲမရှိ အသက် ၁၂နှစ်အောက်ချန်ပီယံ ဝင်းထွန်းထွေး

အမျိုးသား အသက် ၁၂နှစ်အောက် ပြိုင်ပွဲတွင် ခုနစ်ပွဲကစား ခုနစ်ပွဲနိုင်၊ ရှုံးပွဲမရှိ၊ ခုနစ်မှတ်ဖြင့် စံချိန်ထူ ပထမရရှိသွားသော အလက(၃) ဗဟန်းမှ သတ္တမတန်း ကျောင်းသားလေး ဝင်းထွန်းထွေးပင် ဖြစ်သည်။ ၎င်းလက်ဦးဆရာမှာ ဖခင်ဖြစ်သူ ဗိုလ်ကြီးဟန်သာထူး (MEC)ဖြစ်ပြီး လေးနှစ်အရွယ်မှ စတင်၍ စစ်တုရင်ကို သင်ကြားပြီး ၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရာ နှစ်ကြိမ် ဆက်တိုက်စတုတ္ထဆုနှင့်သာကျေနပ်ခဲ့ရပြီး ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ဘက် ခုနစ်ဦးစလုံးကိုအနိုင်ယူပြီး အမှတ်ပြည့်ရယူကာ ပထမဆု ဆွတ်ခူးသွားခဲ့သည်။ ဒုတိယ သော်ဇင်ထက်(ဆွာမြို့)ကရရှိပြီး တတိယသန်းထိုက်စံ (မန္တလေးတိုင်း) က ရရှိသွားသည်။

အမျိုးသားအသက် ၁၄နှစ်အောက်ပြိုင်ပွဲတွင် ခုနစ်ပွဲကစား၊ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်ခွဲဖြင့် ပထမရရှိသွားသူမှာ ပုဇွန်တောင် အထက(၄)မှ သတ္တမတန်းကျောင်းသားလေး မောင်ပိုင်မိုးမြင့်က ဆွတ်ခူးပြီး ဒုတိယ အောင်ဘိုဘို (အလက–၇၊ လှိုင်)နှင့်တတိယရန်နိုင်အေး(အထက–၂၊ အင်းစိန်)က ရရှိသွားသည်။

အမျိုးသားအသက် ၁၆နှစ်အောက်ပြိုင်ပွဲကို ဘရူနိုင်းနိုင်ငံတွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာဆီယံ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူ ကမာရွတ်မြို့နယ် အထက (၅)မှ ဒသမတန်းကျောင်းသားလေး မောင်းဟိန်းမြင့်မြတ်ကျော်က ခုနစ်ပွဲကစား၊ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်ခွဲဖြင့် ပထမ ရရှိသွားသည်။ ဒုတိယ ကျော်ရန်နိုင် (အထက–၅၊ မင်္ဂလာဒုံ)နှင့်တတိယ သီဟဇော်(အထက–၂၊ အင်းစိန်)တို့က ရရှိကြသည်။

အမျိုးသားအသက် ၁၈နှစ်အောက်ပြိုင်ပွဲတွင် ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်မှတ်ခွဲဖြင့် ရှုံးပွဲမရှိ စံချိန်တင် ပထမရရှိသွားသူမှာ ဒသမတန်း ဖြေထားသည့် မောင်ထက်ပိုင်အောင် (ရန်ကုန်တိုင်း)ပင် ဖြစ်သည်။ ထက်ပိုင်အောင်သည် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ် သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲအသက် ၁၆နှစ်အောက်ပြိုင်ပွဲတွင် ပထမဆု နှစ်ကြိမ်ရရှိထားပြီး ယခုတစ်ကြိမ်အသက် ၁၈နှစ်အောက်ပြိုင်ပွဲတွင် ပထမရရှိကာ ပထမသုံးကြိမ်ရရှိသွားသူ ဖြစ်သည်။ ၂၀၀၂ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲအသက် ၁၆နှစ်အောက်ပြိုင်ပွဲတွင် တတိယရရှိကာ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူဖြစ်သည်။ ဒုတိယဆုကို နိုင်ဝင်း(အထက–၅၊ မင်္ဂလာတောင်ညွန့်)၊ တတိယမျိုးဝင်းဇော်(မန္တလေး)၊ စတုတ္ထ စိုးလွင်(မန္တလေး)နှင့် ပဥ္စမ ဇင်ကိုကိုထက် (အထက–၅၊ ကမာရွတ်)တို့က ရရှိသွားသည်။

အမျိုးသားအသက် (၂၀)နှစ်အောက်ပြိုင်ပွဲတွင် ခုနစ်ပွဲကစား၊ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ ခြောက်မှတ်ခွဲဖြင့် ပထမရရှိသွားသူက မအူပင်ကောလိပ်မှ ဒသနိကကျောင်းသားလေး မောင်လှမျိုးအောင်ပင်ဖြစ်သည်။ ဒုတိယရဲလင်းအောင်(မြို့တော်စည်ပင်)၊ တတိယ သိန်းထွေးနိုင်(ပို့ဆောင်ရေး) စတုတ္ထ ခက်နိုင် (ရန်ကုန်တိုင်း)နှင့်ပဥ္စမ ညီမျိုးအောင် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့က ရရှိခဲ့ကြပေသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

(၆)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဗိုလ်စွဲသွားသူ ပဲခူးဒီဂရီ ကောလိပ်မှ ပထမနှစ်ဂုဏ်ထူးတန်းကျောင်းသူလေး မမေဆုလွင်အား ဆုယူအပြီး ဆုနှင့်အတူ အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

(၆)ကြိမ် မြောက် အမျိုးသမီးတံခွန်စိုက်နှင့် အမျိုးသား သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ ပထမရရှိသူများအား မြန်မာ နိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်း၊ အလုပ်အမှုဆောင်များနှင့်အတူ ဆုယူအပြီး တွေ့ရစဉ်။

ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့ သက်သာကုန်မျိုးစုံ အရောင်းဆိုင်ဖွင့်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မိသားစု၏ သက်သာကုန်မျိုးစုံအရောင်းဆိုင်ဖွင့်ပွဲကို မေ ၈ရက်က တပ်ဖွဲ့ရုံးဝင်းအတွင်း၌ ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်းနှင့် ရန်ကင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သန်းက သက်သာကုန်မျိုးစုံ အရောင်းဆိုင် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

(က–ပ)

ရင်ခုန်သံများနှင့် ချန်ပီယံကံစမ်းမဲ အစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်း

ရန်ကုန် မေ ၁၃

International Beverages Trading Co., Ltd က စားသုံးသူများအား စေတနာတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်မည့် ရင်ခုန်သံများနှင့်ချန်ပီယံ ကံစမ်းမဲ အစီအစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲနှင့် ညစာစားပွဲအခမ်းအနားကို မေ၆ရက် ညနေ၆နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ I.B.T.C ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ I.B.T.C ကုမ္ပဏီမှ Sales & Marketing Director ဦးမိုးသန်းချစ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ Marketing Manager ဦးရန်နိုင်စိုးမြင့်က ရင်ခုန်သံများနှင့် ချန်ပီယံ ကံစမ်းမဲ အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားသည်။ ယင်းနောက် ရင်ခုန်သံများနှင့် ချန်ပီယံ ကံစမ်းမဲ အစီအစဉ်နှင့်ဆက်စပ်နေသည့် ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ ခန့်မှန်းယူဆချက်များကို အားကစားကလောင်ရှင်များဖြစ်ကြသည့် ဦးခင်မောင်အုန်း၊ ကျောက်ဘီလူးတင်မောင်ဆွေနှင့်ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့က ဆွေးနွေးပြောကြားပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ကံစမ်းမဲကာလ

I.B.T.C ကုမ္ပဏီက ကြီးမှူးကျင်းပသည့် ရင်ခုန်သံများနှင့်ချန်ပီယံ ကံစမ်းမဲ အစီအစဉ်သည် ပေါ်တူဂီနိုင်ငံ၌ ဇွန်လအတွင်း ကျင်းပမည့် ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲနှင့် ဆက်စပ်ထားပြီး ကံစမ်းမဲကာလကို ၂၀၀၄ ခုနှစ် မေ ၂၀ရက်မှ ဇွန် ၃၀ရက်အထိ သတ်မှတ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း (International Trade Course) Program 1အပတ် စဉ်(၃)သင်တန်းဖွင့်ပွဲကို မေ ၁၁ရက် နံနက် ၈နာရီခွဲက ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ပညာရေးဆိုင်ရာလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးအောင်မိုးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့သင်တန်းသူ သင်တန်းသား ၆၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ကိုးရက်ကြာမြင့် ကြောင်း သိရှိရသည်။ **(က–ပ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအထူးအရာရှိ မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ လိုအပ်ချက်များမှာကြား

မော်လမြိုင် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်းနှင့် အဖွဲ့သည် မေ ၁ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မီးသတ်စခန်းသို့ ရောက်ရှိပြီး(ယာပုံ)ပြည်နယ်၊ ခရိုင်၊မြို့နယ်မီးသတ်တပ်ဖွဲ့များနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများကို စစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်းနှင့်အတူ မွန်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းလှိုင်၊ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းတို့သည် မေ ၁ ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ်နှင့် ကျိုက်မရောမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၍ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(၁၆၈)**

မတ် ၂၉ ရက်က ကြည့်မြင်တိုင်မြို့နယ် အထက(၅)၌ သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာကျောင်းအုပ်ဆရာကြီး ဦးလှမြိုင်က မူလတန်းဆင့် မနန္ဒာလှိုင်အား လက်မှတ်ပေးအပ်စဉ်။ (က-ပ)

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအထိမ်းအမှတ်ရန်ပုံငွေဈေးရောင်းပွဲတော်ကိုတောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် မေ၉ ရက်က ကျင်းပရာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာအေးနှင့် ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌဒေါ်ယဉ်မျိုးမေနှင့် အမှုဆောင်များက ရောင်းချပေးကြစဉ်။ (၁၉၂)

အမြို့မြို့ အနယ်နယ် သတင်းများ

အပိုင်ကျေးရွာ၌ ရေကန်စုပေါင်းတူးဖော်

သနပ်ပင် မေ ၁၀

သနပ်ပင်မြို့နယ် အပိုင်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတို့ကဦးဆောင်၍ ကျေးရွာသောက်သုံးရေကန် စုပေါင်းတူးဖော်ပွဲကို မေ ၅ ရက်က အပိုင်ကျေးရွာတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အပိုင်၊ လှဇင်းဘောင်နှင့် အောင်ချမ်းသာကျေးရွာများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များကို ကျေးရွာဥက္ကဋ္ဌဦးသန်းရွှေက ရာသက်ပန်အသင်းဝင်ဂုဏ်ပြုလွှာနှင့် အသင်းဝင်ကတ်များပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ကျေးရွာသောက်သုံးရေကန်ကြီး ပြန်လည် ပြုပြင်တူးဖော်ခြင်းကို စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆွမ်းဆန်စိမ်းလောင်းလှူ

မှော်ဘီ မေ ၈

မှော်ဘီမြို့နယ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၈နာရီက သမိုင်းဝင် ရွှေမှော်တင် စေတီရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ (သုခမ္မာ၊ ရွှေကျင်၊ မူလဒွါရ)မှ ဥက္ကဋ္ဌဆရာတော်များ၊ ဘာဏကဆရာတော်များ အပါအဝင် ပင့်သံဃာ ၅၄ပါးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ **(က-ပ)**

ဧပြီ ၁၇ ရက်က သရက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို သရက်မြို့အနောက်ရပ်(မြောက်ပိုင်း)ရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ကျင်းပရာ ၈၅နှစ်အထက် သက်ကြီးဘိုးဘွားများအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အနောက်ရပ်(မြောက်ပိုင်း) ရပ်ကွက်ဥက္ကဋ္ဌဦးဂွတိုတို့က လှူဖွယ်ပစ္စည်းများပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်းအနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ်၊ ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (နယ်စပ်/စည်ပင်)

မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီမတိုင်မီ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဖော်ထုတ်ရှင်းလင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်ရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အဆင့်မြင့် ထုတ်ကုန်များပြပွဲ တံတားမြို့၌ ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာ့အဆင့်မြင့် ထုတ်ကုန်များပြပွဲနှင့် ရောင်းအားမြှင့်ဈေးပွဲတော်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ဒေသဆိုင်ရာ အသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် တံတားမြို့ အောင်ဆန်းသူရိယ အေးချိုခန်းမ(အားကစားခန်းမ)၌ မေ ၁၆ရက်မှ ၂၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် S.M.S Investor Groupက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဈေးပွဲတော်၌ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းအသုံးအဆောင်များ၊ စားသောက်ကုန်၊ မီးဖိုချောင်သုံးကုန်ပစ္စည်း၊ အလှကုန်၊ အထည်အလိပ်၊ စတီး၊ မယ်လမင်းပစ္စည်းများ၊ မိုးရာသီအသုံးပြု ထုတ်ကုန်များ၊ အမျိုးသားဝတ်ပုဆိုး၊ အင်္ကျီများ၊ အဆင့်မြင့်သားရေအိတ်အမျိုးမျိုးနှင့် အထည်အလိပ်စများ စုံလင်စွာဖြင့် အဆင့်မြင့်မင်္ဂလာဈေးမှ လက်ကားဆိုင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များက လက်လီလက်ကားဈေး နှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းအားမြှင့်တင်ရေး သရုပ်ဆောင် အဖွဲ့၏ ဗွီစီဒီတေးသရုပ်ဖော်အစီအစဉ်၊ ကြော်ငြာအစီအစဉ်များကို နေ့စဉ် နံနက်ပိုင်း၊ ညပိုင်းများ၌ ဖျော်ဖြေတင်ဆက်၍ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်သည်။

စိတ်ပါဝင်စား ဆက်သွယ်လိုသူများသည် S.M.S Investor Group အမှတ် ၂၅ ၁၀၁လမ်း၊ မြေညီထပ်၊ ရန်ကုန်မြို့သို့ ဖုန်း-၂၀၀၁၄၆မှ တစ်ဆင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ

၁၅-၅-၂၀၀၄(စနေနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး
၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (မြန်မာ့လျှာနှင့်လိုက်ဖက်သော ရွှေခြံသေ့ကော်ဖီ၊ လက်ဖက်ရည် ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၁၅ အဆို၊အက၊အရေး၊အတီး ဆုရအစီအစဉ်(မန္တလေးတိုင်းမှ ဒေါ်သပြေ၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၈း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားသမားကောင်း တစ်ယောက်ဖြစ်ရန် အခြေခံ လိုအပ်ချက်များ) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် အက်ဂါ၏ နတ်မြင်းပျံစီးရီး)
၂၀း၃၀ English L esson Working Knowledge
၂၀း၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

ပုသိမ်ပညာရေးကောလိပ် မြန်မာစာဌာနအတွက် သင်ကြားရေး အထောက်အကူစာအုပ်မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ကျပ်၅၅၀၀၀ တန်ဖိုးရှိ အုပ်ရေ ၁၇၄ အုပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် သီရိဂုဏ်ရည်ခြံနေ ဦးဇော်မြင့်(တက္ကသိုလ်ဘုန်းမောင်) ဒေါ်စိန်မြိုင်(စောသန္တာထွန်း)နှင့်သမီး စောသန္တာထိုက်တို့က မေ ၁၁ ရက်က လှူဒါန်းရာ လေ့ကျင့်ရေးဌာနမှူး ဒေါ်ကျင်ငြိမ်းနှင့် မြန်မာစာဌာန တာဝန်ခံဒေါ်ဝေဝေဖြူတို့က လက်ခံရယူစဉ်။ (က-ပ)

ငါးသိုင်းချောင်းပညာရေးမိသားစုထောက်ပံ့ငွေလှူဒါန်း

ငါးသိုင်းချောင်း မေ ၅

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ ပညာရေးမိသားစု နာရေးထောက်ပံ့မှု အသင်းက ကြီးမှူး၍ မေ ၃ ရက်(ကဆုန်လပြည့်နေ့) နံနက်၉ နာရီက စေတနာ့ဝန်ထမ်းနေ့ ကလေးထိန်းကျောင်း၌ ကျင်းပရာ အသက် (၈၀)နှင့်အထက် ဆရာကြီးသုံးဦး၊ အသက် (၇၅)နှစ်အထက် နာမကျန်းဖြစ်နေသူ ဆရာ ဆရာမကြီးနှစ်ဦးတို့အား နာရေးထောက်ပံ့မှုအသင်းဥက္ကဋ္ဌ ဦးကြင်မောင်က နာရေးထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြောင်းနှင့် နာရေးထောက်ပံ့ငွေများကို နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၅၅)

ဧပြီ ၁၉ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်နှင့် ဝန်ထမ်းများ စစ်တွေ-ရန်ကုန်လမ်းဘေးရှိ အလှပန်းပင်များစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ်သတင်းများ

မေ ၇ ရက်က အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည့် "ကျန်းမာဖို့အတူကစားစို့" အစီအစဉ်အတွက် အထက(၄) ဗိုလ်တထောင်မှ ကျောင်းသူလေးများက ပါဝါအေရိုးဗစ်လေ့ကျင့်ခန်းကို သရုပ်ပြရိုက်ကူးနေကြစဉ်။ (မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ၁ယ/၃၅၈၅၅၊ ယ/၆၈၄၃၁ လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညနရုံး (လှိုင်လင်)။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ယ/၅၃၉၀၇(ဟွန်ဒါဒရင်း)၊ ယ/၂၃၁၈၄(စူပါကပ်) လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညနရုံး (တောင်ကြီး)။



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၅၃၂၉၀၊ အမျိုးအမည် ဟွန်ဒါ၊ အမျိုးအစား-ဆိုင်ကယ်အား စစ်တွေမြို့ အိုးတန်းရပ် အိမ်အမှတ် ၁၅၀ နေ ဦးမောင်ထွန်းကျော် ၁၁/စတန (နိုင်) ဝ၃၅၈၇၂ မှ မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ပြည်နယ်ရုံး(စစ်တွေ)။**

ကျေးဇူးတင်ရှိခြင်း

ဦးစောဖော်တာလူး
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဆည်မြောင်းဦးစီးဌာန
အသက်(၇၆)နှစ်

၆-၅-၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးစောဖော်တာလူး၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်း ကူညီပေးခဲ့သော သိက္ခာတော်ရ ဆရာတော်ကြီးများနှင့် ဆရာများ၊ အသင်းတော်များနှင့် အသင်းသားများ(ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဌာန UNDPအဖွဲ့အစည်းများ၊ PSIနှင့် Myanmar Scott & English Co,Ltd. တို့အားလည်းကောင်း၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ ဆက်သွယ်အားပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ အထူး ကြပ်မတ် ကုသပေးခဲ့သော ဆရာဝန်ကြီးအား လည်းကောင်း ဈာပနအခမ်းအနားသို့ တက်ရောက် အားပေးခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစစအရာရာ ကူညီလုပ်ကိုင်ပေးခဲ့သော ဆွေမျိုးများနှင့်မိတ်ဆွေများအား လည်းကောင်း ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု။**

ဒေါ်လှတင် (ဆကာကြီး)
အသက်(၈၇)နှစ်

ခနေဖြူမြို့နယ်၊ ဆကာကြီး ကျေးရွာနေ (ဦးဘိုးအုန်း-ဒေါ်မယ်တင်)တို့၏သမီး၊ (ဦးဘိုးဥာဏ်)၊ (ဦးဘိုးဟန်)၊ (ဦးဘိုးမှန်)တို့၏ညီမ၊ (ဒေါ်ငွေညွန့်)၏အစ်မ၊ ရန်ကုန်မြို့၊အမှတ်(၈၅၇)၊အင်းဝလမ်း၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖေတင်-ဒေါ်ကြည်သန်းတို့၏ အဒေါ်၊ အရာခံလှအောင်-ဒုရဲအုပ် သန်းသန်းတင် (ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး)၊ ဦးဇော်လတ် (ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)-ဒေါ်ချိုတူးမာ၊ ဒေါ်ဥမ္မာသန်း(မြန်မာ့အာမခံလုပ်ငန်း)၊ တပ်ကြပ်လွင်လွင်ကြည် (တောင်ဥက္ကလာပမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံး)၊ မြစ်လေးယောက်တို့၏အဘွားသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ အထွေထွေအလုပ်သမား ကျား ၁၀ ဦး
၂။ ယာဉ်မောင်း ကျား ၆ ဦး
လိုင်စင်(ခ/ဃ/င) ယာဉ်မောင်းသက်တမ်း အနည်းဆုံးသုံးနှစ်ရှိရမည်။
၃။ လုံခြုံရေး ကျား ၂ ဦး

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံတစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ အမှတ် ၁ဝ၆၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်သို့ လူကိုယ်တိုင် ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေ အမိန့်၅၊ နည်းဥပဒေ ၁ နှင့် ၅)
ပဲခူးခရိုင် တရားရုံး နယ်တရားမရုံး၌
၂၀၀၄ခုနှစ် တရားမကြီးအမှုအမှတ် ၁၂

မန်နေဂျာ	နှင့်	၁။ ဦးတင်ဦး
မြန်မာ့စီးပွားရေးဘဏ်၊		၂။ ဒေါ်ခင်အေး
ကျောက်တံခါးမြို့		၃။ ဦးကျင်မွေး
တရားလို		**တရားပြိုင်**

ကျောက်တံခါး၊ ပဲနွယ်ကုန်းမြို့ သံမဏိရပ်ကွက်၊ ၄ လမ်းရပ်နေ ၁။ ဦးတင်ဦး ၂။ ဇနီး ဒေါ်ခင်အေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ဘဏ်ချေးငွေပေါင်း ၂၁၁၈၅၈၇ ကျပ် ၂၄ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မေလ ၂၆ရက် (၁၃၆၆ခုနှစ် နယုန်လဆန်း ၈ရက်) နေ့မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မေလ ၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကျော်လင်းမောင်
(LL.B)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ် (မြင်းခြံ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း-ဒေါ်ခင်မော်တို့၏ မိခင် ဒေါ်ခင်ပေါ်သည် ၆-၅-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့နှင့်ဆရာ ဆရာမများ
လေ့ကျင့်ရေးမူလတန်းလွန်ကျောင်း၊
တောင်ကြီးပညာရေးကောလိပ်။

ဦးသန်းမောင်
အသက်(၅၁)နှစ်

ကော့ကရိတ်မြို့၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁၄-ကြီး)နေ (ဦးရွှေလူ-ဒေါ်ရွှေအေး)တို့၏သား၊ ဦးကျင်အောင်၊ ဦးတင်အောင်၊ ဦးစံရှိန်၊ ဒေါ်အေးမြင့်၊ ဒေါ်အေးတင့်၊ ဒေါ်နော်အေးကြည်တို့၏ညီမောင်၊ ကိုမောင်အေး၊ ကိုသူရ-မရီရီခိုင်၊ ကိုငွေစိုး-မသိန်းသိန်းဦး၊ ကိုထွေးတို့၏ အစ်ကိုကြီး၊ တူ တူမ ၂၁ ယောက်တို့၏ ဦးလေးဘကြီးသည်၉-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညဥ္ဆနာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၀-၅-၂၀၀၄ ရက် တနင်္လာနေ့မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ခနိမ်းမှုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဓမ္မဒေသနာတော်

ချစ်သားလေး [bold name] ရဲ့ ၁၄-၅-၂၀၀၄ နေ့မှာ ကျရောက်တဲ့ ၂ နှစ်ပြည့် မွေးနေ့မှာ နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကောင်းခြင်းမြားဖြာ ပြည့်စုံစွာဖြင့် အမြဲမြင်မြတ် ထူးချွန်ထက်မြက်၍ လောကီ လောကုတ္တရာ ကျိုးနှစ်ဖြာကို ဆထက်တပိုး သယ်ပိုးနိုင်သော သားကောင်း သားမြတ် သားရတနာ မလွဲစကန် ဖြစ်စေရန်ကို ချစ်ခြင်းမေတ္တာပြည့်လျှံစွာဖြင့် ဆုတောင်းဆန္ဒပြုလိုက်ပါ၏။

ဖေဖေ ဦးလှိုင်ဦး (Director) (Myitta Ngwe Yi Trading Co., Ltd.)
မေမေ ဒေါ်တာတာ (Director) (Apac Pte Ltd.)

ရက် ၁၀၀ ပြည့် မွေးနေ့ ဆုတောင်း

ချစ်သမီးလေး ဆွေဇင်ညွန့်ငွေး၏ ၅-၅-၂၀၀၄ ရက်တွင် ကျရောက်သည့် ရက် ၁၀၀ ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာပြီး တတ်သိလိမ္မာ ထူးချွန်ထက်မြက်သည့် သမီးမွန်လေး ဖြစ်ပါစေ။

နှစ်ဖက်သော ဘိုးဘိုး ဘွားဘွားများနှင့်
ဖေဖေ – ဦးညွန့်ငွေး
မေမေ – ဒေါ်စိုးဝေဝေလှိုင်။

LCCI (Level I, II & III)
Phyo Phyo Thein

B.Sc (Hons) (Physics), MEP.II
DA (LCCI), ACCA (Part II)

June (5) စဖွင့်မည်။

May လအတွင်း အပ်သူများအား 25% Discount ပေးမည်။

No. (20), 5 (A) ၊ ရတနာလမ်း၊ မြေနီကုန်း၊
ဖုန်း-၅၀၂၂၆၂၊ ၅၀၄၀၁၇

FAME Hepa-B®

လချုပ်ဖြင့်ငှားရမ်းလိုပါသည်

မြို့တွင်းမောင်းနှင်ရန်အတွက်သာ
4 xWD Surf
(သို့)
Pajero
ဆက်သွယ်ရန်
Gulliver Travels & Tours
Ph: 513160, 500205

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာ သီရိလမ်း၊ အမှတ် ၁၃နေ ဦးအောင်မော်သိန်း နိုင်ငံသားစိစစ်ရေးကတ် ၁၂/မရက (နိုင်) ဝ၄၄၈၃၃ က မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ကိုးချို၊ မြေကွက်အမှတ် ၁၃၊ မြေအမည်ပေါက် ဦးမွေးအမည်ရှိ နှစ် ၆၀ ဂရန်မြေအား အရောင်းအဝယ် ပြုလုပ်ရန် မြေပိုင်ရှင် ပြုပါရန် လျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ဥက္ကဋ္ဌ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

Excel Treasure Tower ရှိ Hotel & Shopping Mall တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

၁။	Manager	(ဘွဲ့ရ)	ကျား/မ	(၂) ဦး
၂။	Account	(B.Com/L.C.C.I Level-3)	ကျား/မ	(၅) ဦး
၃။	Cashier	(ဘွဲ့ရ)	မ	(၅) ဦး
၄။	Marketing Supervisor	(ဘွဲ့ရ)	ကျား/မ(၁၀)	ဦး
၅။	Sales & Distribution	(ဘွဲ့ရ)	ကျား/မ(၂၅)	ဦး
၆။	Sales Promoter	(အထက်တန်းအောင်)	ကျား/မ(၃၅)	ဦး
၇။	Enginner	(B.E,A.G.T.I)	ကျား/မ	(၆) ဦး
၈။	Computer Expert		ကျား	(၅) ဦး
၉။	Driver		ကျား	(၅) ဦး
၁၀။	Cook (Chef)		ကျား	(၈) ဦး
၁၁။	Duty Manager		ကျား	(၄) ဦး
၁၂။	Food & Beverage Manager		ကျား	(၂) ဦး
၁၃။	Receiptionists		မ	(၈) ဦး
၁၄။	House Keeping & Laundry Manager		မ	(၂၀) ဦး
၁၅။	Bell-boys		ကျား	(၈) ဦး
၁၆။	Waiter		ကျား	(၃၀) ဦး
၁၇။	Security	(အထက်တန်းအောင်)	ကျား	(၁၅) ဦး

အမှတ်စဉ်(၁၁)၊ (၁၆)အတွက် လုပ်ငန်းစီမံခန့်ခွဲမှု ကျွမ်းကျင်ပြီး English ဘာသာ အရေး၊ အပြော တတ်ကျွမ်းသူဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်ပြေပြစ်သူ၊ အပြောအဆို သွက်လက်ယဉ်ကျေးသူ ဖြစ်ရမည်။ လျှောက်ထားသူများသည် ဓာတ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ ရက်အတွင်း Excel Treasure Tower အမှတ် ၅၂၀၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၉၇၄၄ သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ပဲခူးခရိုင် တရားရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ၁။ ဦးဖုန်း
ဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွား နှင့် ၂။ ဦးစိုးဝင်း
လုပ်ငန်း ယမကာလုပ်ငန်းဌာန ရုံးချုပ်(ကိုယ်စား)
၎င်း၏ ဒုတိယအထွေထွေမန်နေဂျာ ဦးညီညီဆွေ
(အောက်မြန်မာပြည်လုပ်ငန်းဌာနခွဲ) ရန်ကုန်မြို့
တရားလို **တရားပြိုင်များ**

ဦးစိုးဝင်း မှတ်ပုံတင်အမှတ်(အယ်လ်ပီအမ်-၀၈၄၂၂၈)၊ ယခင်နေရပ်လိပ်စာ အမှတ် ၁၆၁၊ ဟသာလမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာ မသိပါ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေပေါင်း ၂၄၃၅၄၄၃ ကျပ် ၈၂ ပြား ရလိုကြောင်းနှင့် လျှောက်ထားခဲ့ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက် (၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုခွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်ပေးလိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မေလ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

DIETHELM TRAVEL

INSIGHT MYANMAR

DIETHELM TRAVEL AND INSIGHT MYANMAR WILL MOVE INTO NEW OFFICES AT THE DUSIT INYA LAKE RESORT. THE MOVE WILL TAKE PLACE ON MAY 19TH. YOU WILL FIND US ON THE THIRD FLOOR IN THE WESTWING (ENTRANCE : GYM).

OUR NEW CONTACT NUMBERS ARE:

DIETHELM TRAVEL
Telephone 0095 1 652 898 / 652 905 / 652 906
Fax 0095 1 652 899
email leisure@diethelm.com.mm

INSIGHT MYANMAR
Telephone 0095 1 653 180 / 653 181 / 653 182
Fax 0095 1 652 907
email insight@myanmar.com.mm

Until May 19, you can reach us at the following numbers:

DIETHELM TRAVEL 0095 1 510 112 / 527 506
INSIGHT MYANMAR 0095 1 296 224 / 297 126 / 297 798 / 298 109

GREATEST POWER

"Hardware & System Maintenance Course"

အမည်မှန်

ဦးလှထွန်း၏သား အထက(၁) ဒဂုံ(မြောက်ပိုင်း)နေဝမ်းတန်း(ဂ)အောင် မောင်ဇော်မျိုးထွန်းအား မှတ်ပုံတင် စာရင်းအရ မောင်လှမိုးကျော် ၁၂/ဒဂမ(နိုင်)၀၈၀၀၇ ဟုပြောင်းလဲခေါ်ပါရန်။ မောင်လှမိုးကျော်။

ရေသန့်ကိုယ်စားလှယ်အလိုရှိသည်

Kleen သောက်ရေသန့် လုပ်ငန်းအနေဖြင့် ရန်ကုန်မြို့အတွင်း သင့်တော်သည့်နေရာများတွင် မြို့နယ်အလိုက် ရေသန့်ကိုယ်စားလှယ်ပေးရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့် ရေသန့်ကိုယ်စားလှယ် လုပ်လိုသူများ အနေဖြင့် အမှတ် ၁၀၆၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထား ဆက်သွယ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ်နေ မျိုးမင်းဆွေ ၁၂/တမန (နိုင်) ၁၀၀၁၈၄ သည် မိဘဆိုဆုံးမခြင်းကို နားမထောင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်ယူပတ်သက်ခြင်း မရှိကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးမြသွင် ၁၂/တမန(နိုင်)၀၅၁၁၇၇
ဒေါ်ခင်ငွေ ၁၂/တမန(နိုင်)၀၅၂၀၈၂

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စင်ဆောင်းခွန်ဆမ်(ခ)မဆောင်း
(လားရှိုးမြို့)
အသက်(၄၁)နှစ်

ဗိုလ်ချုပ်ကိုကို-ဒေါ်စမ်နွန်းခွန်ဆမ်တို့၏ညီမထွေး ဒေါ်စင်ဆောင်းခွန်ဆမ်(ခ) မဆောင်းသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်း)
အမျိုးသမီးရေးရာအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စင်ဆောင်းခွန်ဆမ်(ခ)မဆောင်း
(လားရှိုးမြို့)
အသက်(၄၁)နှစ်

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်စင်နွန်းခွန်ဆမ်၏ညီမ ဒေါ်စင်ဆောင်းခွန်ဆမ်(ခ)မဆောင်း အသက်(၄၁)နှစ်သည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ဇီးကုန်းမြို့နယ်။

ဦးမောင်မောင် (မင်းတုန်း)
မြို့မဝန်ထောက်(ငြိမ်း)
အသက်(၈၆)နှစ်

မင်းဘူးမြို့နေ ဦးပေါ်သစ်–ဒေါ်ပွင့်တို့၏သား၊ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ ဦးသိန်းလွင်(ဒု–ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း)–ဒေါ်ခင်ဇော်(အလပြ၊ ငြိမ်း)တို့၏ဖခင်၊ မြေး ၃၂ ယောက်တို့၏အဘိုးသည် ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက် ညနေ ၅ နာရီတွင် မင်းဘူးမြို့ ကျောက်တံခါးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြွေ (ကြည့်မြင်တိုင်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် ၇၂ နေ (ဦးအေးကြည်–ဒေါ်တင်တင်)တို့၏သမီးကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်စိန်–ဒေါ်တင်)တို့၏သမီးချွေးမ၊ ဒု ရဲမှူးကြီး ရဲသူရကျော်မြင့်(ငြိမ်း)–ဒေါ်နွဲ့နွဲ့အေး၊ ဦးအေးကို[ဒု–ညွှန်မှူး၊ မိုး/ဇလ(ငြိမ်း)]–ဒေါ်မေစန်းမြင့်(စီမံကိန်း၊ ငြိမ်း)တို့၏အစ်မကြီး၊ [ဦးကျော့ရှင်း–လ/ထညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန]၏ဇနီး၊ ဦးထင်အောင်ကျော်–ဒေါ်ဇင်မေကျော့ရှင်း၊ ဦးကျော်လင်း(ဒု–အကောက်ခွန်မှူး၊ နစရ၊ မြဝတီ)– ဒေါ်စပယ်ကျော့ရှင်းတို့၏မိခင်၊ မမေဇွန်ကျော့ရှင်း (1st Year,Korean,YUFL)၊ မောင်ရှင်းသန့်ကျော်လင်းတို့၏အဘွားသည် ၁၃–၅–၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၅–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
အားရှယ်(ခ)ဒေါ်ငွေငွေလွင်
(အလပြဆရာမ၊ ငြိမ်း၊ လှိုင်လင်)
အသက်(၄၇)နှစ်

လှိုင်လင်မြို့၊ တ/၃၅၊ အနောက်ကျောင်းလမ်းနေ (ဦးကွယ်ချမ်း)–ဒေါ်နန်းဥတို့၏သမီး၊ ဦးတင်မြင့်၊ ဦးမောင်မောင်ထွန်း(လှိုင်လင်)တို့၏ညီမ၊ စိုင်းခွန်ထွန်း–မမြင့်မြင့်လွင်(လှိုင်လင်)၊ မရီရီလွင်(လှိုင်လင်)၊ ဦးစိုင်းလင်း–မစန်းစန်းလွင်(ကွန်ဟိန်း)၊ မောင်ထွန်းအောင်(လှိုင်လင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်၊ ၁၀ မိုင်၊ ရန်ကြီးအောင်လမ်း၊ ခြံအမှတ် ၉/၁၁၉၊ အင်းစိန်မြို့နယ်နေ ဦးမြင့်အေး(အကောက်ခွန်မှူး၊ ငြိမ်း)၏ဇနီး အားရှယ်(ခ) ဒေါ်ငွေငွေလွင်(အလပြ၊ ဆရာမ၊ ငြိမ်း၊ လှိုင်လင်)သည် ၉၆ပါးသောရောဂါဖြင့် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၀၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၃–၅–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

လေးစားချစ်ခင်ရပါသော ကျေးဇူးရှင် ဆရာဦးတင်ငွေ အသက်(၇၀) (အတွင်းရေးမှူး၊ ငြိမ်း၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊ ရန်ကုန်)သည် ၁၁–၅–၂၀၀၄ရက် ည ၉း၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊ရန်ကုန်
အမှုထမ်းများမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ ရေကန် ဒါယကာကြီး
အုန်းသီး ဦးဝင်းမြိုင်
(ကြံခင်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၈၀ နေ (ဦးပိန်–ဒေါ်မယ်ရင်)တို့၏သား၊ (ဒေါ်ကျင်ခ)၏ခင်ပွန်း၊ ဒေါ်ထားထားဦး (အထက–၁၊ လသာ)၊ ဦးသီဟ(ဝိဇ္ဇာနည်းကျ မြန်မာ့ဗေဒင်)၊ ဒေါ်ခင်စုစု (အထက–၄၊ မင်္ဂလာတောင်ညွန့်)၊ မယုဇနခင်၊ ကိုဇေယျာဝင်း၊ မခင်သန္တာဝင်း(ဒုနှစ်၊ ဂျာမန်၊ UFL)တို့၏ဖခင်သည် ၁၃–၅–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅–၅–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu.Thawng Kho Zam
(တပ်ကြပ်ကြီးစာရေး၊ ငြိမ်း)
Chairman
Tedim Baptist Church-Yangon
(အဖွဲ့ဝင်၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့)
Manager IDEMITSU
(မုံရွာမြို့ ၁၉၉၀–၉၄)
Manager, U.M.W
(Yangon Branch 1995-2003)
(သတင်းစာကိုယ်စားလှယ်၊ တီးတိန်မြို့)
အသက်(၆၂)နှစ်

တီးတိန်မြို့နယ်၊ Laibung ရွာနေ (Pu. Khai Ngul–Pi.Ngoih Huai) တို့၏ စတုတ္ထမြောက်သား၊ (Capt.Mang Kho Lian)–Pi Ciin Kho Hau တို့၏ သားသမက်၊ Pu.Thuam Za Cin–(Pi. Hau Za Cing)၊ Pi Zen Suan Cing၊ (Nu. Ngul Kho Cing–Pu.Suan Za Go), (Pi. Dim Za Awi)–Pu.Ngen Za Do(Kalemyo) တို့၏ ညီ/မောင်၊ Pa.Ngulh Kho Suan–Nu Thang Cing တို့၏ အစ်ကို၊ Huai Ngo Lun (ခ) နိုးနိုး B.Sc.,(Botany)၊ Nu Hau Khan Dim (ခ)ခက်ခက် B.Sc, (Environmental Studies)–Pa Thang Cin Pau (A.G.T.I ၊ မုံရွာ)၊ Lia Lian Za Cing(ခ)ကြင်နိုး B.Miss., B.A.,(Public Policy), M.Div., I-(FBTS)၊ Lia Ngul Cin Cing Mung (ခ)ကြေးမုံ LL.B.,(Third Year)တို့၏ဖခင်၊ အမှတ် ၁၃/၁၂၊ အေးရိပ်မွန် ၁ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ Pi. Ngoih Khawm Cing ၏ခင်ပွန်းသည် ၁၃–၅–၂၀၀၄ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် Sakura Medical Centre တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅–၅–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ ယုဒသန်အောက်မေ့ဖွယ်ခန်းမ၊မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းရုံးချုပ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်တွင် ဂူသွင်း သင်္ဂြိုဟ်မည်။

ကျန်ရစ်သူမိသားစု။

ဦးအုန်းလွင်
စက်မောင်း(ပ) ငြိမ်း
သင်တန်းသရုပ်ပြဆရာ(ဆလရ)
အသက်(၇၁)နှစ်

မွန်ပြည်နယ်၊ သထုံမြို့နယ် (ဦးအုန်းဖေ–ဒေါ်သန်းကြည်)တို့၏သား၊ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးထွန်းရင်–ဒေါ်လှရွှေ)တို့၏သားသမက်၊ ဒေါ်ရီ၊ ဒေါ်လုံးတို့၏မောင်ငယ်၊ ရန်ကုန်မြို့၊ အမှတ် ၁၇/၂၊ ယန္တရားရိပ်သာ၊ (င) ရပ်ကွက်၊မြောက်ဥက္ကလာပနေ ဒေါ်အုန်းမြတ်၏ခင်ပွန်း၊ ဦးအေးလွင်၊ ဒေါ်သန်းသန်းငွေ၊ ဦးဝေလွင်–ဒေါ်အယ်ခွန်စီစီမိုင်၊ဦးညီပု–ဒေါ်သိန်းမြင့်၊ဦးမောင်ဝင်း–ဒေါ်မြမြလွင်၊ ဦးညီအေး–ဒေါ်သီတာမိုး၊ ဦးမြင့်လွင်–ဒေါ်တူးနောင်၊ မသီတာလွင်၊ မောင်အောင်လွင်သန်း–မခိုင်ဇာယမင်းတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း (တွံတေး)
အသက်(၅၇)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ကွမ်းခြံအလယ်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ရှိန်)–ဒေါ်ခင်တင့်(ဒေါင်းတံဆိပ်ဆေးလိပ်)တို့၏သမီး၊ ဦးတင်မြင့်–ဒေါ်အေးကြည်၊ ဦးလှထွန်း(ညွှန်မှူး–သတင်းနှင့်စာနယ်ဇင်း)–ဒေါ်ညွှန့်ညွှန့်သန်း (ညွှန်မှူး၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း)၊ ဦးထွန်းဝေ(အထက–၁၊ တွံတေး၊ ငြိမ်း)–(ဒေါ်အမာ)၊ (ဒေါ်ခင်သောင်း)တို့၏ညီမ၊ ဦးကျော်ဝင်း (ဒု–ညွှန်မှူး၊ ကြေး/မြေ)–ဒေါ်သီတာအောင်၊ ဦးအောင်ကျော်–ဒေါ်ဖြူဖြူဝင်း(M.P.P.E)၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါက်တာကြီးအောင် (တွံတေးမြို့နယ် သွားဆရာဝန်)–ဒေါ်ခင်မြတ်မော်၊ ဦးကြည်တိုး–ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင်(Blue Planet Shipping)၊ (ဦးအောင်ကြီး)တို့၏အစ်မသည် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မူးလမန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်

ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွှန်းခွန်ဆမ်တို့၏ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ) မဆောင်း(လားရှိုး)သည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
ဖြူးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင်ဖခင်ကဲ့သို့ ချစ်ခင်လေးစားရပါသော ဦးကြီး ဦးတင်ငွေ အသက်(၇၀) (အတွင်းရေးမှူး၊ ငြိမ်း၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊ ရန်ကုန်)သည် ၁၁–၅–၂၀၀၄ရက် ည ၉း၄၅ နာရီတွင် YMC ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တူ၊ တူမများနှင့်
ဦးစိုးရွှေ–ဒေါ်တင်မီမီကျော် မိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းခင် (သံတွဲ)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ် ၆၊ အောင်မာဃလမ်းနေ (ဦးမောင်တုတ်–ဒေါ်ခင်နု)တို့၏သမီး၊ (ဦးသာမြင့်) သံတွဲ၏ဇနီး၊ ဒေါ်ခင်အေး–ဦးဝင်းမြင့်(သံတွဲမြို့ ပညာ့တံခွန်စာအုပ်ဆိုင်)၊ဒေါ်ခင်လေး(သမရုံးချုပ်)၊ဦးသန်းသိန်း(စားဖျော်၊ ငြိမ်း)၊ ဒေါ်ခင်မူ(မကွေးခရိုင် တရားရုံး) – ဦးခင်မောင်ကြည် (တရားရုံးချုပ်ရှေ့နေ)၊ ဦးဘဟန်(စား/ဖျော်၊ ငြိမ်း)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂–၅–၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၅–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရီ (ကတိုးကော့နပ်)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အနောက်ကြို့ကုန်း၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၂၊ အခန်း ၁ နေ(ဦးထွန်းရင်–ဒေါ်မြလေး)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ (ဦးညိုမင်း)–ဒေါ်သန်းနု၊ (ဦးကြီးမြင့်)–ဒေါ်နီနီခင်၊ (ဦးခင်မောင်သိန်း–ဒေါ်ခင်နွဲ့ရီ)၊ (ဦးစံလွင်)–ဒေါ်ခင်ဆွေလှတို့၏မိခင်၊ မြေးကိုးယောက်တို့၏မိနောက်၊ မြစ် ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃–၅–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၅–၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးခင်ဦး (ချောက်မြို့)
(စိန်စက်မှုလက်မှု)
အသက်(၈၀)

(ဦးဘသန်း–ဒေါ်သိန်းမြင့်) ဒေါ်သန်းမြင့်တို့၏သား၊ ဒေါ်ညွှန့်ရီ၊ ဦးကိုကြီး (ဦးအေးဖေ)၊ (ဦးသန်းညွှန့်)၊ ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းရီ၊ ဦးဝင်းလှိုင်၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်စန်းလွင်၊ ကိုသိန်းလွင်တို့၏အစ်ကို၊ဒေါ်တင်တင်ငွေ၏ခင်ပွန်း၊ မောင်အောင်သူ(B.T)၊ မောင်ငွေးဝင်းသန်း(မြောက်ဥက္ကလာပ အုပ်ချုပ်ရေးမှူးရုံး၊ စည်ပင်)၊ မောင်တင်လှမိုး၊ မအေးသူဇာ၊ မဝါဝါသူ၊ မောင်ကျော်မင်းဦး၊ မောင်အောင်မင်းဦးတို့၏ ဖခင်သည် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် အမှတ် ၆၊ လေဆိပ်လမ်း ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
S.O Habeeb Mohaed (ခ)
ဦးအောင်ညွှန့်
(ရွှေနှင်းဆီ ဇကာဆိုင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၃၇၊ ရွှေဘုံသာလမ်းနေ ဟာဂျီဒေါ်ညွှန့် (ဒေါ်ညွှန့်ရီ ဇကာဆိုင်)၏ခင်ပွန်း၊ ဟာဂျီဦးကျော်စိန်–ဟာဂျီဒေါ်အေးအေးသန်း၊ ဟာဂျီ ဒေါက်တာအောင်မြင့်–ဟာဂျီဒေါက်တာအေးအေးသိန်း၊ (ဦးတင်ရွှေ)–ဟာဂျီဒေါ်တင်တင်ညွှန့်၊ ဦးအောင်လှနွယ်–ဒေါ်တင်တင်အေးတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၃–၅–၂၀၀၄ ရက် ၄း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အစရိနမားအပြီးတွင် ရေဝေး ကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြိုင် (မော်လမြိုင်)
အသက်(၇၆)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၁၅/က၊ အနောက်ရှမ်းကုန်းရပ်နေ (ဦးချိန်–ဒေါ်နှင်းဖူး)တို့၏သမီးထွေး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ဂန္ဓမာလမ်း ၃/၃၀၄ နေ ဦးသန်းမောင်(ညွှန်ကြားရေးမှူး–ငြိမ်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန)၏ဇနီး၊ (ဒေါ်သိန်းရင်)၊ ဦးလှအောင်၊ ဦးစိုးမောင်၊ ဦးနောင်တို့၏ညီမ၊ ဒေါ်ခင်မိမိ၊ မောင်အောင်ကြီး၊ မောင်ထွန်းထွန်း၊ မောင်ကိုကိုခိုင်၊ မောင်လှဖုန်း၊ မောင်ချစ်စရာတို့၏မိခင်သည် ၁၂–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၅–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု (ဂန့်ဂေါမြို့)
(ဒု–စာရင်းကိုင်)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ် ၂၅ နေ(ဦးမောင်ခင်)–ဒေါ်တင်ရီတို့၏သမီး၊ ရေစကြိုမြို့၊ မြို့မရပ်နေ (ဦးရှိန်–ဒေါ်စု)တို့၏သမီးချွေးမ၊(ဦးညွှန့်ရွှေ)၊ မောင်မောင်သန်း၊ (ကိုခင်မောင်ဇော်)–မခင်မာဝေ၊ မကြူကြူမြင့်၊ မောင်ခင်မောင်သန်း–မလှငွေးမော်၊ မောင်မောင်လွင်–မမူမူမြင့်တို့၏အစ်မ၊ ဂန့်ဂေါမြို့၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးတင်မောင်လတ်(ပ–စာရင်းကိုင်၊ ငြိမ်း)၏ဇနီး၊ မောင်အောင်ကိုလတ် (ဂန့်ဂေါ၊ ဆလရ)၊ မထိုက်စုလတ် [B.Sc (Hons.) M.Sc(Maths:)၊ မန္တလေး တက္ကသိုလ်]၊ မဝေမီလတ် (ဂန့်ဂေါ၊ ဆလရ)တို့၏မိခင်သည် ၁၀–၅–၂၀၀၄ ရက် ညနေ ၆း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြ (မြောင်းမြ)
အသက်(၉၁)နှစ်

လပွတ္တာမြို့၊ အောက်ပိုင်းရပ် (ဦးတရောင်–ဒေါ်စိန်ပွင့်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀ မိုင် လေဆိပ်လမ်းသွယ်၊ ခြံအမှတ် ၁၁ နေ (ဦးစိန်းကြင်)၏ဇနီး၊ ဦးခင်ဟုန်–ဒေါ်ခင်မြင့်မြင့်၊ ဦးခင်ဟိန်–ဒေါ်စန်းမြင့်၊ (ဦးခင်ကျော်)–ဒေါ်ခင်နွယ်ဦးတို့၏မိခင်၊ မောင်ကျော်ကိုကိုဦး – မမြတ်မြတ်ဦး၊ မောင်မျိုးမြတ်–မလှိုင်သီရိ၊ မမြတ်မြတ်မိုး၊ မောင်နေလင်းမြတ်–မဟိဆာအဲ၊ မောင်အောင်မျိုးခိုင် – မမြတ်မြတ်ထွေး၊ မောင်ဆန်းလင်း၊ မောင်ဉာဏ်လင်း၊ မမြင့်မြင့်ကြည်၊ မောင်ဇင်လင်း၊ မောင်သော်တာမြင့်၊ မခင်နွယ်ချို၊ မောင်ဝင်းထွဋ်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်သိန်း (သံတွဲ)
(အငြိမ်းစားကျောင်းဆရာကြီး)
အသက်(၈၉)နှစ်

သံတွဲမြို့၊ရွှေဘုံသာလမ်းနေ(ဦးကျော်ဖြိုး–ဒေါ်မမ)တို့၏သား၊ ဒေါ်ညိုညို၏မောင်၊ ဒေါ်ခင်ကြီး၏ခင်ပွန်း၊ ဦးတင်ထွန်း–ဒေါ်သိန်းသိန်းမြ၊ ဒေါ်ခင်ခင်မြ၊ (ဒေါ်ခင်လှမူ)၊ ဒေါ်သိန်းသိန်းကျော်၊ ဒေါ်ခင်မြတ်ထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃–၅–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၅–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် သံတွဲသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဖုန်းမို
(လက်ထောက်အင်ဂျင်နီယာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဝေါမြို့နယ်)
အသက်(၅၈)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်နေ ဦးသောင်း–(ဒေါ်အုံးခင်) တို့၏သား၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၇)ရပ်ကွက်နေ ဦးမောင်ကြီး–ဒေါ်နုနု တို့၏သားသမက်၊ ပဲခူးမြို့၊ ရှင်စောပုလမ်း၊ဆောက်လုပ်ရေးအိမ်ရာနေ ဒေါ်ခင်လေးမြင့်၏ခင်ပွန်း၊ မောင်ဝင်းထွန်းနိုင်၊ မအေးလေး၊ မဖြူလေးတို့၏ဖခင်သည် ၁၀–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဖားကန့်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရွှေ
(ကျောက်ပန်းတောင်း)
အသက်(၅၆)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ (၄)လမ်းအရှေ့၊ အမှတ် ၉၈၆ နေ (ဦးထွန်းဝ–ဒေါ်ဖွားကြည်)တို့၏သမီး၊ ဦးသာအောင်၏ဇနီး၊ ဦးကျော့ရှင်း–ဒေါ်သင်းသင်းချို၊ ဦးဝင်းနိုင်–ဒေါ်အုန်းနု၊ ဒေါ်ခင်ဝေတို့၏အစ်မ၊ ဦးဇော်ထွန်းနိုင်–ဒေါ်သန္တာမျိုး၊ မစန်းဝင်းမော်ဦးတို့၏မိခင်၊ မခိုင်ခိုင်၏အဘွားသည် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၅–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း
(အထက၊ ဂွမြို့)
အသက်(၅၄)နှစ်

ဂွမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်မောင်)–ဒေါ်ခင်တင့်တို့၏သား၊ ဦးကျော်မောင်–ဒေါ်လှကြီးတို့၏ သားသမက်၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ မောင်ကျော်စွာဝင်း၊ မောင်မင်းမင်းထွဋ်တို့၏ဖခင်သည် ၁၁–၅–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၅–၂၀၀၄ရက်(စနေနေ့)တွင် ယင်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ် ၄၆၈၊ အောင်သပြေအနောက် ၆ လမ်း၊ (၇) ရပ်ကွက်၊ သာကေတနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဥက္ကံသ
မြို့မရိပ်သာ ပရိယတ္တိ၊ ပရိပတ္တိ ဦးစီးပဓာန နာယကဆရာတော်ကြီး
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ပဲခူးတိုင်း(အနောက်)၊ ပေါင်းတည်မြို့နယ်၊ နွယ်ချို(၁)ရပ်ကွက်၊ မြို့မရိပ်သာ ပရိယတ္တိ၊ ပရိပတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် (၈–၅–၂၀၀၄ရက်) နံနက် ၃း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် (၁၆–၅–၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် ကြူတော်ကုန်းသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝဏ္ဏမဟာစည်
ကမ္မဋ္ဌာနာစရိယ သံဃပရိနာယက
သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၆၆)ဝါ

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပစံပြကျေးရွာ၊ တောင်ရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနစရိယ သံဃပရိနာယက ဘဒ္ဒန္တ ဝဏ္ဏမဟာစည် ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၆–၅–၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (၁၈–၅–၂၀၀၄ရက်) အင်္ဂါနေ့တွင် အန္တိမဈာပန ပူဇာသဘင်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ ဓမ္မသာရဓဇ
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်ရွာ၊ မာလာရုံကျောင်းတိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ)ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရဓဇသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် (၈–၅–၂၀၀၄ ရက်) စနေနေ့ နံနက် ၁၀း၄၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် (၁၆–၅–၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်ဒါယကာ၊ဒါယိကာမများ၊
ကျုံကဒါတ်ရွာ၊မာလာရုံကျောင်းတိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေး ချမ်းအေးသာစံမြို့နယ် သင်္ဃာကျောင်းတိုက်
သာသနာဟိတနိမ္မိတ အေးကျောင်းစာသင်တိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ပဏ္ဍိစ္စာဘိဝံသ
သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

၁၃၆၆ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၃ ရက် (၁၇–၄–၂၀၀၄ရက်) စနေနေ့ နံနက် ၉း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၆–၅–၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် တောင်မြင့်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ပူဇော်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

တပည့်သံဃာတော်များ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ လာဘ
လောကနန္ဒာစွယ်တော်မြတ်စေတီတော်မြတ်ကြီး၏သြဝါဒါစရိယ
သက်တော်(၅၅)နှစ်၊ သိက္ခာတော်(၃၅)ဝါ

မန္တလေးတိုင်း၊ ပုဂံညောင်ဦးမြို့နယ်၊ သီရိပစ္စယာရပ်ကွက်၊ လောကနန္ဒာကျောင်းတိုက်၏ပဓာနနာယက ဘဒ္ဒန္တ လာဘသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်(၁၀–၅–၂၀၀၄ရက်)တနင်္လာနေ့ည ၉း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၂ ရက် (၂၀–၅–၂၀၀၄ရက်)ကြာသပတေးနေ့တွင် အန္တိမအဂ္ဂိဈာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဒေါ်ခင်စန်း
(တိုက်ကြီးမြို့)
အသက်(၆၄)နှစ်

မကွေးတိုင်း၊ ရေနံချောင်းမြို့ ဦးတင်ဝမ်း(လဝကမှူး)–ဒေါ်မြသန်း၊ ဦးတင်ဂျမ်းတို့၏ညီမ၊ ဗထူးမြို့ ဦးတင်ရှမ်း (အရာခံဗိုလ်)–ဒေါ်ရင်အေး၊ မကွေးမြို့နေ ဦးထွန်းလှ–ဒေါ်ခင်သန်းတို့၏အစ်မ၊ (မခင်ဝင်း)၊ ဒေါ်ချယ်ရီထွန်း(လ/ထ ကထိက၊ မန္တလေးပညာရေးကောလိပ်)၊ ဒေါ်သင်းသင်းဆွေ (Shine Hope Co,Ltd)၊ (ဗိုလ်ကြီးဇော်မင်းညွှန့်)၊ မောင်မျိုးညွှန့်အောင်တို့၏မိခင်၊ တိုက်ကြီးမြို့၊ ရှမ်းစုရပ်ကွက်၊ လယ်တီ ၂ လမ်းနေ ဦးထွန်းညွှန့်၏ ဇနီးသည် ၈–၅–၂၀၀၄ရက်(စနေနေ့)တွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် တိုက်ကြီးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချစ်သန့်ဇင်
လ/ထအင်ဂျင်နီယာ(၂)မြို့ပြ
သံလွင်တံတားစီမံကိန်း
(မုတ္တမဘက်ကမ်း)
အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊အောင်သစ္စာလမ်း၊အမှတ် ၄၃၈ နေ ဦးထွန်းကြိုင်–ဒေါ်ကျင်တို့၏ ဒုတိယသား၊ သာကေတမြို့နယ်နေ ဦးမောင်မောင်ထွန်း–ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးစိုးသန်း[လ/ထ အင်ဂျင်နီယာ(၂)]–ဒေါ်နုနုအေး၊ ဦးရဲနီ(အမက–၁၀၊ ကြည့်မြင်တိုင်) – ဒေါ်မြင့်မြင့်ပြုံး၊ ဦးမျိုးအောင်[လ/ထအင်ဂျင်နီယာ(၂)]–ဒေါ်ခင်မိုးလှိုင်တို့၏ညီ/အစ်ကို၊ ဒေါ်ခင်မိုးမိုးထွန်း၏ခင်ပွန်း၊ မောင်အောင်အောင်၊ ချစ်စနိုးတို့၏ဖခင်သည် ၁၃–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှား ပို့ဆောင်ရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး H.E °Datuk Dauglas Uggahနှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Datuk Dauglas Uggahနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Cheah Sam Kip လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၁၉၈၇၉၆

MRTV-4 ၏ ဇူလိုင်မှစတင်ထုတ်လွှင့်မည့် ပညာပေးနှင့်ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်

တွေ့ဆုံမေးမြန်းသူ – မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက MRTV-4ပညာပေးအစီအစဉ်များထုတ်လွှင့်မှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယခုအခါ နိုင်ငံနှင့်အဝန်းဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထုအား အဘက်ဘက်မှ အကျိုးပြုလျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူလူထုအတွင်း အသိပညာပြန့်ပွားစေရေးအတွက် ကျေးလက်ဒေသ အစွန်အဖျားအထိ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိသည်။

အရည်အသွေးမြှင့်တင်

ပြန်ကြားရေးလုပ်ငန်းများ သွက်လက်ထက်မြက်ပြီးအရည်အသွေး ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■

MRTV-4 ထုတ်လွှင့်မှု၏ ဖျော်ဖြေရေးအစီအစဉ်တွင် ကာရာအိုကေလည်းပါဝင်ရာ °TVဖန်သားပြင်ပေါ်တွင် ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိပုံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နေကို ဗီးနပ်စ်ဂြိုဟ်ဖြတ်မည်



နှစ် ၁၂၂ နှစ်တွင် မဖြစ်ပေါ်ခဲ့ဖူးသော နေကို သောကြာဂြိုဟ်ဖြတ်သွားပုံအား ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာရှတိုက်နေရာအများအပြားနှင့် အာဖရိကတိုက်တို့မှနေ၍ ရှေ့လထဲ၌ ကြည့်မြင်နိုင်ကြမည် ဖြစ်သည်။ ကမ္ဘာနှင့်နေကြားတွင် သောကြာဂြိုဟ်(ဗီးနပ်စ်)ဟုအမည်ပေးခဲ့သော အဆိုပါဂြိုဟ်ကို ဇွန် ၈ ရက်၌ နက္ခတ်ဗေဒပညာရှင်များနှင့် ပြည်သူများ မြင်တွေ့ကြရတော့မည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

(ဓာတ်ပုံ–အင်တာနက်)

ငါးမြှားပူးမိခင်သတင်းစာရှင်း

တင်နက်ဆီပြည်နယ် နောက်စ်ဗယ်လီမြို့မှ ငါးမြှာပူးမိခင် ရှန်နွန်ဗန်တိုလ်အား သတင်းစာရှင်းလင်းပွဲသို့ သွားရန်အတွက် သူမ၏ ငါးမြှာပူးရင်သွေးငယ်များကို ကားထိုင်ခုံပေါ်၌ နေရာချထားစဉ် မေ ၁၁ရက်က သူမ၏ခင်ပွန်းနှင့် အတူတွေ့ရပုံဖြစ်သည်။ **(ယာပုံ)** သူမ၏ငါးမြှာပူးရင်သွေးများမှာ မီဂန်အန်း၊ ဝီလီယံစကော့၊ အက်ရှ်လီဖိုင်၊ ရှောင်န်ကွန်နော်နှင့် အစ္စဘယ်လာမာရီတို့ဖြစ်ကြသည်။ **(ဓာတ်ပုံ–အင်တာနက်)**

မြန်မာ့ဘောလုံးတိုးတက်ရေးနှင့်အောင်နိုင်ရေးရည်ရွယ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတင်းစာရှင်းလင်း

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

မြန်မာ့ဘောလုံးအားကစား တိုးတက်ရေးနှင့်အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်(ဒဂုံ အင်တာနေရှင်နယ်လီမိတက်)နှင့်အမှုဆောင်များ၊ စာနယ်ဇင်းများမှတာဝန်ရှိသူများနှင့်အားကစား ကလောင်ရှင်များ တက်ရောက်ကြသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ❐